မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၀၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့

မြတ်ပုဒ္ဓ၏ အဆုံးအမ တရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားၦတည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ဒုတိယသမ္မတ ဦးညီစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဒုတိယသမ္မတ ဦးညီစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ **စာမျက်နှာ ၅ ကော်လံ ၁ ❖**

ပို့ကုန်တင်ပို့သူများအနေဖြင့် ပြည်ပမှပို့ကုန်ရငွေ သတ်မှတ်ချက်အတိုင်း ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက် (၃၀)အစား (၄၅) ရက်အထိ တိုးမြှင့်သတ်မှတ်ခြင်း

ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ပြီးနောက် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများအား နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားငွေဖြင့် ယင်းတို့၏ ဘဏ်ငွေစာရင်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈ - ခ တွင် ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၁၆.၈.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ အက်ဖ်အီး-၁/ ပက/ ၁၉၅၆ ဖြင့် ပို့ကုန်ရငွေအား ပုဂ္ဂလိက နိုင်ငံခြားငွေစာရင်းတွင် ရက် (၃၀) ထားရှိခွင့်ကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ **စာမျက်နှာ ၆ ကော်လံ ၁ ➤**

ယနေ့ထုတ်စာရ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ စာ - ၇ သို့

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ စာ - ၉ သို့

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း စာ - ၁၄ သို့

ကမ္ဘာ့သစ်တောများနှင့် မြန်မာ့သစ်တောများ အကြောင်း တစေ့တစောင်း စာ - ၁၂ သို့

ကရင်ပြည်နယ်အတွင်း ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက် စာ - ၄ သို့

မိုးစပါးရိတ်သိမ်းရာတွင် သတိပြုဆောင်ရွက်ရန် နှိုးဆော်ခြင်း

ယခုအခါတွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲ စပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ဆောင်းသီးနှံများစိုက်ပျိုးရာတွင်လည်း ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(က) မိုးစပါးသီးနှံရိတ်သိမ်းရာတွင် နေသာသောနေ့များ၌ ရိတ်သိမ်းပြီး မိုးရွာသွန်းပါက ရိတ်သိမ်းမှု ရပ်နားထားပါ။

(ခ) ရင့်မှည့်ပြီး စပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုများ မဖြစ်ပေါ်စေရန် အောင်ရေ အမြန်ဆုံး ထုတ်ပေးပြီး ရိတ်သိမ်းပါ။

(ဂ) စပါး ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များကို အသုံးပြုပြီး တလင်းပျောက်စနစ်ကို ဆောင်ရွက်ပါ။

စာမျက်နှာ ၆ ကော်လံ ၅ ➤



EV (Electric Vehicle)နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၉

လူငယ်များသည် နိုင်ငံ၏အနာဂတ်မျှော်လင့်ချက်ဖြစ်သည့်အတွက် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့်နည်းပညာပိုင်းသင်ယူမှုတွင် အားဖြစ်ရန်လွန်စွာ အရေးကြီးပါကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ် အရောင်းပြခန်းများ၊ စစ်ဆေးပြုပြင်ပေးရသော **စာမျက်နှာ ၁၁ ကော်လံ ၅ ●**

ဖလမ်းမြို့ရှိ ဌာနဆိုင်ရာရုံးများ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများပုံမှန်လည်ပတ်

ဖလမ်း နိုဝင်ဘာ ၉

တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့ မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံများ၊ ၄ ခန်းတွဲ ဝန်ထမ်းအိမ်ရာနှစ်လုံး၊ ၂ ခန်းတွဲ ဝန်ထမ်းအိမ်ရာနှစ်ထပ်၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးအဆောက်အအုံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု **စာမျက်နှာ ၁၇ ကော်လံ ၄ ➤**

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်

ရေကိုချွေတာသုံးစွဲခြင်းအလေ့အကျင့်

မြန်မာနိုင်ငံသည် ကမ္ဘာ့ရေချိုပိုင်ဆိုင်မှုတွင် အဆင့် ၁၄ နေရာ၌ရှိပြီး တစ်ကမ္ဘာလုံးရှိ ရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ယင်းပမာဏသည် အာရှတိုက်တစ်တိုက်လုံး ရေချိုပိုင်ဆိုင်မှု၏ ၁၂ ရာခိုင်နှုန်းရှိပြီး အရှေ့တောင်အာရှနိုင်ငံများ၏ ၁၆ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်းရှိ ရောဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဟူသည့် အဓိကမြစ်ကြီးလေးစင်းနှင့် အဆိုပါမြစ်ကြီးများသို့ စီးဝင်သည့်မြစ်များ၊ ချောင်းများ၊ သဘာဝအင်းအိုင်များနှင့် စိမ့်စမ်းရေထွက်များသည် နိုင်ငံ၏ရေအရင်းအမြစ်များပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ထုတ်ယူသုံးစွဲနေသည့် ရေချိုပမာဏ စုစုပေါင်းအနက် ၈၉ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍကသုံးစွဲနေခြင်းဖြစ်ပြီး မြို့ပြနှင့် ကျေးလက်ဒေသ လူနေအိမ်ခြေသုံးစွဲမှုများက ၁၀ ရာခိုင်နှုန်းခန့်ကိုလည်းကောင်း၊ စက်ရုံအလုပ်ရုံများနှင့်ကုန်ထုတ်လုပ်မှုကဏ္ဍက ၁ ရာခိုင်နှုန်းကိုလည်းကောင်း သုံးစွဲနေခြင်းဖြစ်သည်။ ထို့ကြောင့် လူသားတို့အတွက်မရှိလျှင်မဖြစ်သောအရာများတွင် ရေသည်လည်း ရှေ့ဆုံးကပါဝင်သည်။ ရေအသက်သည်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်ဟု ဆိုထားပေရာ ရေမရှိလျှင် တစ်မနက်ပင် ရှင်သန်ရန်လွယ်ကူမည်မဟုတ်ပေ။

လွယ်လွယ်ရရှိသောရေကို လွယ်လွယ်သုံးမိပါက မကြာမီကုန်ဆုံးသွားနိုင်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်ကြုံတွေ့လာသည်နှင့်အညီ ပူပြင်းလွန်းသောနွေရာသီတွင် ရေကိုပိုမို၍ချွေတာသုံးစွဲကြရမည်ဖြစ်သည်။ ယနေ့ကာလကျရောက်နေသော အယ်လ်နီညိုဖြစ်စဉ်အတွင်း ရေနှင့်ပတ်သက်သောကဏ္ဍကို လူသားတို့အလေးအနက်ထားကာ စောင့်ကြည့်ရမည့်အနေအထားဖြစ်သည်။ ရေစီမံခန့်ခွဲမှုသည် လူသားတစ်ဦးချင်းက စေ့စပ်သေချာစွာလိုက်ပါလုပ်ဆောင်ရမည့် အနေအထားဖြစ်သည်။

နေ့စဉ်ထုတ်သတင်းစာများတွင် ရေနှင့်ပတ်သက်၍ အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများနှင့် နှိုးဆော်ချက်များကို ဖော်ပြပေးလျက်ရှိသည်။ မိမိတို့အိမ်ခြံအတွင်းသို့ဆက်သွယ်ထားသည့် ရေပိုက်များကို နေ့စဉ်ကြည့်ရှုပါ။ ပိုက်ယိုစိမ့်မှုများကိုစစ်ဆေးပါ။ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး ချို့ယွင်းမှုရှိပါက ချက်ချင်းပြုပြင်ရမည်။ အိမ်တိုင်းအိမ်တိုင်းတွင် ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုများကိုလျှော့ချကြရမည်ဖြစ်သည်။

အကောင်းဆုံးချွေတာနည်းကိုပြောရပါလျှင် ရေခွက်ဖြင့် စနစ်တကျ ခန္ဓာကိုယ်ကိုရေလောင်းချိုးခြင်းဖြစ်သည်။ ထို့ပြင် အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ရမည်။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောရမည်။ နေ့စဉ်မျက်နှာသစ်၊ သွားတိုက်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကိုအမြဲပိတ်ထားရမည်။ အသုံးပြုပြီးသည့် ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ရမည်။ (ဥပမာ-ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကိုလည်း သစ်ပင်များရေလောင်းရာတွင် ပြန်လည်အသုံးပြုကြရမည်။)

မြက်ခင်းနှင့်သစ်ပင်များကို နံနက်စောစော သို့မဟုတ်ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာရေလောင်းရမည်။ မိုးရွာသည့်အခါတိုင်း ရွာချသည့်မိုးရေများ အလဟသမဖြစ်စေရေး စုဆောင်းထားကြရမည်။ အပင်ရေလောင်းခြင်းနှင့်ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန်ရေစည်များ သို့မဟုတ်အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ကြရမည်။ မိမိတို့ဥယျာဉ်ခြံအတွင်း ရေနည်းနည်းဖြင့်ရှင်သန်နိုင်သောအပင်မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့်လည်း ရေကိုချွေတာရမည်ဖြစ်သည်။ ရေကိုချွေတာသုံးစွဲခြင်းအလေ့အကျင့်ကောင်းကို မိဘများက မိမိတို့၏ရင်သွေးများအား လက်ဆင့်ကမ်းသင်ကြားပြသပြုပြင်ပေးခြင်းဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း ရေကိုချွေတာရေး၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

စစ်ကိုင်းမြို့နယ်၌ နေကြာစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

စစ်ကိုင်း နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နေကြာသီးနှံ ၁၁၂၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းမြို့နယ်မှာ နေကြာသီးနှံ ၁၁၂၇ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချရန်ဂဏန်းအတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကိုတိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နေကြာစိုက်ပျိုးမည့် တောင်သူများအား စွမ်းဆောင်ရည်မြင့်မားရေးပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးကြောင်း သိရသည်။

ယခုနှစ်တွင် စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးကြောင်း သိရသည်။

(၄၀၉)

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေငေါ်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန် (ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး (ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းပေဘင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဌာနများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၉

ကျောင်းသား လူငယ်မောင်မယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များတိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ နေပြည်တော် စံကိုယ်ပိုင်အထက်တန်းကျောင်း၊ ကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းထူးဆွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပွင့်ယုန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ဟိန်းပညာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ



ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာကြစဉ်။

FUTURE STAR ကိုယ်ပိုင်အလယ်တန်းကျောင်းမှကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်၊ရဟတ်ယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင်ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြင်ပပြကွက်နှင့် ပြခန်းဆောင်ရှိ စစ်လက်နက်ပစ္စည်းများ၊ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကိုမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီးဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"စစ်သမိုင်းပြတိုက်ကို သမီးတို့ အခုလို လာရောက်လေ့လာတဲ့ အခါမှာ တာဝန်ရှိတဲ့သူတွေက ကြည်း၊ ရေ၊ လေ ပြခန်း သုံးခန်းလုံးကို စုံစုံလင်လင်ပြသခဲ့ပါတယ်။ သမီးတို့ကျောင်းမှာ သင်ခဲ့ရတဲ့ စာတွေ့တွေအတိုင်း သမိုင်းထဲက အဖြစ်အပျက်တွေမှာ အသုံးပြုတဲ့



အသုံးအဆောင်ပစ္စည်းတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ ရှေးယခင်ကတည်းက တည်ဆောက်လာတဲ့ တပ်မတော်ဟာ ယနေ့ခေတ်ကာလမှာ စွမ်းအားမြင့်လက်နက်တွေကို ပိုင်ဆိုင်ပြီး ဆောင်ရွက်နေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ စစ်သမိုင်းပြတိုက်ကို လေ့လာခဲ့ရခြင်းဖြင့် သမီးတို့ မသိတာတွေကို ပိုပြီးသိမြင်ခွင့်ရတဲ့အတွက် များစွာသော ဗဟုသုတတွေကို ရရှိစေခဲ့တဲ့အတွက်မရောက်ဖူးသေးတဲ့သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်ခင်ဗျာ။ ကျောင်းမှာက စာတွေ့အဖြစ်ပဲ သင်ယူခဲ့ရပြီး စစ်သမိုင်းပြတိုက်ရဲ့ ကြည်း၊ ရေ၊ လေ ပြခန်းတွေနဲ့ ပြင်ပပြကွက်တွေကို လေ့လာရတဲ့အတွက်စာတွေ့ရောလက်တွေ့ရော ပေါင်းပြီးတော့ လေ့လာခွင့်ရတဲ့အတွက် နိုင်ငံတော်ရဲ့ သမိုင်း



ကြောင်းဟာ ရှေးခေတ်က အခိုင်အမာရှိခဲ့တယ်ဆိုတာကို သိမြင်ခဲ့ရပါတယ်ဗျ။ နိုင်ငံတော်တစ်ခုတိုးတက်ဖို့ဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ ကာကွယ်ရေးပါ ဘက်စုံ ဟန်ချက်ညီမှ ရမယ်ဗျ။ တပ်မတော်အတွင်းမှာအသုံးပြုခဲ့တဲ့ တိုက်လေယာဉ်၊ သင်္ဘောတွေနဲ့ လက်နက်ခဲယမ်းတွေကို လက်တွေ့ကျကျ တွေ့မြင်ခဲ့ရပါတယ်ခင်ဗျ။ အခုလို လေ့လာခွင့်ရရှိအောင် စီမံပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၁၀၀)

တိုင်းဒေသကြီးအဆင့် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်

မုံရွာ နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်မိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ အသက် ၉ လမှ ၅၉ လအတွင်းရှိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက တိုင်းဒေသကြီးအတွင်းရှိအသက် ၉ လမှ ၅၉ လအတွင်းရှိ ကလေးငယ်များအား လုံးကို ယခင်ကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ သတ်မှတ်လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှုအား ထိရောက်စွာ တားဆီးသွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအနေဖြင့် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကာကွယ်ဆေးမထိုးမီကာလတွင်မိဘပြည်သူများထံ ဆေးထိုးစုရပ်နှင့်အချိန်ဇယားများ မှန်ကန်စွာရောက်ရှိရေး၊ အဓိကသတင်းစကားများ အသိပေးနိုင်ရေးနှင့်ဆေးထိုးပြီးနောက် ကျန်ရှိကလေးများအား ရှာဖွေ၍ ထိုးနှံပေးနိုင်ရေးအတွက်လည်း တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲ အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးကြွို အထိမ်းအမှတ် Video တေးသီချင်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ကရင်ပြည်နယ်အတွင်း ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်းစတင်ဆောင်ရွက်

ဘားအံ နိုဝင်ဘာ ၉

ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေးခြင်းနှင့် စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ခွဲကပင်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ထမ်းများက အသက် ၉ လမှ ၅၉ လအရွယ်ကလေးငယ် ၂၀ ဦးကို ကာကွယ်ဆေးထိုးနှံပေးသည်။

အဆိုပါ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို နိုဝင်ဘာလ ၉ ရက်မှ ၁၃ ရက်ထိ မျှော်မှန်းကလေးဦးရေ ၇၀၃၆၈ ဦးကို ထိုးနှံပေးသွားရန် လျာထားဆောင်ရွက်လျက်ရှိပြီး ဝေးလံဒေသများနှင့် သွားလာရန်ခက်ခဲသောဒေသများကို ရွှေ့လျားနည်းဗျူဟာ(mobile)၊လျှပ်တစ်ပြက် ကာကွယ်ဆေးထိုးခြင်း(Crash) တို့ဖြင့် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တက်ရောက်လာသူများက ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးကြွို အထိမ်းအမှတ်တေးသီချင်းကို အတူတကွကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်ကို အားကစားပြိုင်ပွဲများ၊ ဒုံးအကပြိုင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ပညာပေးပြခန်းနှင့်အရောင်းပြခန်းများ၊ မုန့်ဈေးရောင်းပွဲတော်များ၊ ဈေးဆိုင်ခန်းများဖြင့် ဘားအံမြို့သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယမန်နေ့ ညပိုင်းက ပွဲတော်သို့လာရောက်လေ့လာလည်ပတ်ကြသည့်ဒေသခံတိုင်းရင်းသားပြည်သူများ၊ ခရီးသွားဧည့်သည်များဖြင့် အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းအစီအစဉ် စတင်ဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၉

နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း အစီအစဉ် ၂၀၂၆ ခုနှစ် ပြည်နယ်အဆင့် အသိပေးဆွေးနွေးခြင်းနှင့်လုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက လုပ်ငန်းများဆောင်ရွက်ရာတွင် ကလေးငယ်တစ်ဦးမျှ မကျန်ရှိရအောင် စနစ်တကျစီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊မြို့နယ်၊ရပ်ကွက်နှင့်ကျေးရွာများရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊အုပ်ချုပ်ရေးမှူးရုံးများနှင့် စာသင်ကျောင်းများတွင် အခြေစိုက်စခန်းများဖွင့်လှစ်ပြီး ထိုးနှံပေးမည့်အပြင် ဝေးလံခေါင်ဖျားသည့် တိုင်းရင်းသားကျေးရွာများအထိ ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင်ကွင်းဆင်းပြီး သတ်မှတ်စုရုပ်နေရာများသို့ သွားရောက်ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး၏ အကျိုးကျေးဇူးများကို တိုင်းရင်းသား ဘာသာစကားများဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေးနှိုးဆော်ကြရန်လိုကြောင်း၊ ယခုဆောင်ရွက်သည့် နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းအစီအစဉ် (MR Follow-Up Campaign 2026) သည် ပြည်နယ်အတွင်းရှိကလေးငယ်များ၏အသက်နှင့်အနာဂတ်ကို ကာကွယ်ပေးမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးက ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကာ ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

မကွေးတိုင်းဒေသကြီး ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်

မကွေး နိုဝင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးစီးကျင်းပသည့် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပညာပေးဆွေးနွေးခြင်းနှင့် စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသည့်ကလေးငယ် ၂၀ ဦးကို ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏စောင့်ကြပ်ကြည့်ရှုရေး အချက်အလက်များအရ ကမ္ဘာတစ်ဝန်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဝက်သက်ရောဂါပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသဖြင့် ရောဂါခုခံနိုင်စွမ်းအားကွာဟချက်(Immunity Gap) များကို အမြန်ဆုံးဖြည့်ဆည်းရန် လိုအပ်နေခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါကာလ နောက်ဆက်တွဲ ကာကွယ်ဆေးလွှမ်းခြုံမှုလျော့နည်းခဲ့သည့် ကလေးငယ် ခန့်မှန်းခြေ ၁ ဒသမ ၈ သန်းနီးပါးအတွက် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းစဉ်များအား Phase (1) အဖြစ် အောက်တိုဘာလတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုခွဲဆောင်ရွက်ခဲ့ပြီး ယခု Phase (2) အဖြစ် မကွေးတိုင်းဒေသကြီးအပါအဝင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုဝင်ဘာလ ၉ ရက်မှ ၁၃ ရက်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်ကိုကိုက အမှာစကားပြောကြားပြီးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်း (၂၀၂၆) စတင်ထိုးနှံခြင်းအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနား Video Clip ပြသခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

❖ **ရှေ့ဖုံးမှအဆက်**

ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီများမှ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသွားမည့်အခြေအနေများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီးများ အမှူးပြုသော ဒေသခံဆရာတော်များပင့်ဆောင်ပြီး ကထိန်သင်္ကန်းနှင့် အတူ အခြံအရံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည့်အခြေအနေများ၊ သံဃာရာမကျောင်းဆောင် ၄ ဆောင်တွင် သီတင်းသုံးကြမည့် ဆရာတော်ကြီးများ စိတ်နှလုံးချမ်းမြေ့စေရေးအတွက် ရေ၊ မီး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေးပူးပေါင်းဆောင်ရွက်ရေး၊ အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများအား အရေးဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ရာတွင် ဆွမ်းနှင့်ဆွမ်းဟင်းလျာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သံဃာရာမကျောင်းဆောင်အဆောင် ၂ တွင် ယခင်နှစ်များနည်းတူ အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများဖွင့်လှစ်ပေးရန် လိုအပ်မှုအခြေအနေများ၊ ပဒေသာပင်များကို တင့်တင့်တယ်တယ်နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ပဒေသာပင်များအား ကထိန်ခံကျောင်းတိုက်သို့ ပို့ဆောင်ရာတွင် စနစ်တကျရှိစေရေးစီမံဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည်နှင့်အညီ လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် လစ်ဟာမှုများမရှိအောင် ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်းတို့ ဆောင်ရွက်သွားကြရန်နှင့် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကြီး ခုံညားထည်ဝါစွာကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးက စနစ်တကျစီစဉ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်ဦးစီးကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ဆပ်ကော်မတီအသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ယည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **မြဝတီ**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ တွေ့ဆုံ

နေပြည်တော် နိဝင်ဘာ ၉



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသော ငြိမ်းချမ်းရေးမူဝါဒများနှင့် NSPNC ၏လက်ရှိဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ်သိရှိနားလည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့တွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီးဆောင်ရွက်နေမှုများအား အရပ်ဘက်လူမှုအဖွဲ့အစည်းများသိရှိစေရန် ရှင်းလင်းပြသသည့်တွေ့ဆုံပွဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပေါ်ပေါက်လာခဲ့ကြောင်း၊ အဆိုပါပဋိပက္ခဒေသများတွင်ပြည်သူများ၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာများဆုတ်ယုတ်လာခဲ့သဖြင့် ပြည်သူလူထုမှလက်မခံနိုင်တော့ဘဲ တည်ငြိမ်အေးချမ်းမှုကို လိုလားခဲ့ကြကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းမျိုးစုံကို ကျူးလွန်ဖောက်ဖျက်ခြင်းနှင့် တရားမဝင်လုပ်ငန်းများဖြင့် အဖွဲ့အစည်း၏ ရပ်တည်ချက်အတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ထောင့်တစ်နေရာမှပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ NSPNC အနေဖြင့်လာရောက်ဆွေးနွေးသည့် EAO များ၏ နိုင်ငံရေးလိုလားချက်၊ လိုအင်ဆန္ဒများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မှုကို ဆွေးနွေးအဖြေရှာညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုများ လျင်မြန်စွာ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေ၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများအပေါ် ကောင်းမွန်မည့်အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အတွက် မူဝါဒ၊ မဟာဗျူဟာနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က NCA ၏ အနှစ်သာရနှင့် အောင်မြင်မှုများအပေါ် အခြေခံသော ပို့မိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်အား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက NSPNC က ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိရသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပို့မိုပါဝင်ခွင့်ပြုပေးသင့်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်ကုန်သွယ်ရေးလမ်းကြောင်းများသည် အဓိကအရေးပါနေပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်လူမှုရေးလုပ်ဆောင်မှုနှင့်အတူ ပူးပေါင်းပါဝင်နိုင်ကြောင်း၊ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ပြည်သူများအားလုံး သိရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ပဋိပက္ခများကြောင့် လူမျိုးဘာသာမရွေး ပြည်သူများ ဒုက္ခခံစားကြရကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့်ဆက်စပ်လုပ်ဆောင်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်အဖွဲ့အလိုက်ကျွမ်းကျင်မှုနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ NSPNC မှ ဆောင်ရွက်ခဲ့သည့် ဖိုရမ်၊ အလုပ်ရုံဆွေးနွေးပွဲများမှရရှိလာသော အကြံပြုချက်များအနက် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့်အချက်များကို မြေပြင်အခြေအနေမှန်အား အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်လာသောအခြေအနေများကို မှန်ကန်စွာသိရှိပြီး ပြည်သူများနားလည်သိရှိစေရန် အသိပညာပေးခြင်းများ ပို့မိုဆောင်ရွက်ရေး၊ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးအတွက် လိုအပ်သော စွမ်းရည်မြှင့်သင်တန်းများဖြင့် အားဖြည့် ကူညီဆောင်ရွက်ပေးသွားနိုင်ရေး၊ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပဋိပက္ခများရပ်စဲပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရန် တတ်နိုင်သမျှဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ဖိုရမ်များဆောင်ရွက်ပေးရေးနှင့်ငြိမ်းချမ်းရေးကိုတည်ဆောက်၍ ပဋိပက္ခများကို လျော့ချနိုင်စေရန် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

(၉-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၁၅၅,၇၃၄.၉၈	၁၀,၇၅၇,၆၅၈.၁၆	၂၀,၃၂၂,၆၁၇.၄၇	

မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိဝင်ဘာ ၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **(မိုး/၈လ)**

အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုကို ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၉

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းစုစုပေါင်း ၃၀၀၆ ဖွဲ့ရှိခဲ့ရာမှ ယခုအခါ ၃၁၄၅ ဖွဲ့အထိ ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ၁၃၉ ဖွဲ့ တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလမှ ယနေ့ထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၁ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်းတစ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်းတစ်ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်တစ်ဖွဲ့ စုစုပေါင်း ၁၄ ဖွဲ့တိုးမြှင့်ဖွဲ့စည်းခဲ့ခြင်းကြောင့် လက်ရှိ နိုင်ငံတော်အစိုးရသည် အလုပ်ဃသမားအဖွဲ့အစည်းများဖွဲ့စည်းဆောင်ရွက်မှုကို ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိသည့်အပြင် အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းခြင်းဆိုင်ရာ အခွင့်အရေးများ အပြည့်အဝရရှိအောင် အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိအလုပ်ဃသမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရအလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုရန် တင်ပြလာခြင်းအပေါ် စိစစ်၍ အသိအမှတ်ပြုလက်မှတ်များအချိန်နှင့်တစ်ပြေးညီ ထုတ်ပေးသည့် အခမ်းအနားမှ သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်က ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့ကမ်းရိုးတန်းသွားသဘော်သား အလုပ်သမားများအဖွဲ့ချုပ် (Myanmar Coastal Seafarers Federation–MCSF)၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့မှ Ayeyarwaddy Success Venture Foods (MDY) စားသောက်ကုန် အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့မှ Heri Garment အထည်ချုပ် အခြေခံအလုပ်သမားအဖွဲ့အစည်း၊ တောင်ငူမြို့မှတင်တင်စိန်အိတ်ချုပ် အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ပဲခူးမြို့မှ I Like Food စားသောက်ကုန် အခြေခံအလုပ်သမားအဖွဲ့အစည်း စုစုပေါင်းအလုပ်သမားအဖွဲ့အစည်း ငါးဖွဲ့တို့ကို အလုပ်သမား အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်ပုံစံ (၇) ပေးအပ်ခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းများကိုယ်စားမြန်မာ့ကမ်းရိုးတန်းသွားသဘော်သားအလုပ်ဃသမားများအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၉

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ (ICRG) အစည်းအဝေးနှင့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) မျက်နှာစုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းထားရှိမှု အခြေအနေများအား လည်းကောင်း၊ ကျန်ရှိသည့် Action Plan နှစ်ခုအပေါ် တိုးတက်ဆောင်ရွက်မှု အခြေအနေများအား လည်းကောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအား နိုင်ငံတော်အဆင့် ဦးစားပေးဆောင်ရွက်နေမှုအခြေအနေများအား လည်းကောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် နည်းပညာအကူအညီပေးရေးကိစ္စရပ်များအား လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ခရီးစဉ်ကာလအတွင်း FATF ဥက္ကဋ္ဌနှင့်လည်းကောင်း၊ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia–Pacific Joint Group–APJG) တွဲဖက်သဘာပတိနှင့်လည်းကောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသုံးသပ်ရေးအဖွဲ့ (ICRG) နှင့်လည်းကောင်း၊ APG အဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများပြုလုပ်ပြီး အစည်းအဝေးတွင် ဆွေးနွေးချက်များအရ အွန်လိုင်းလိမ်လည်မှုများအား ဖော်ထုတ်သွားရန်၊ ယင်းပြစ်မှုများနှင့်ဆက်နွယ်၍ ငွေကြေးခဝါချမှုဖြင့် ဆက်လက်စုံစမ်းစစ်ဆေးတရားစွဲဆိုသွားရန်၊ အဂတိလိုက်စားမှုနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုများအား ဖော်ထုတ်နိုင်ကြောင်း မှုခင်းဖြစ်စဉ်များဖြင့်ဖော်ပြရန်၊ လက်ငင်းရလဒ် ၇ ဒသမ ၁ နှင့်ပတ်သက်၍ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှုခင်းများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုများအား စုံစုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း ဆောင်ရွက်ရန်နှင့် ကျန်ရှိနေသည့် Action Plan နှစ်ချက်အား FATF နှင့် APJG ၏ လိုလားချက်များနှင့် ကိုက်ညီစေရေးလာမည့်လေးလတာကာလအတွင်း အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာနအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ ၏ အတွင်းရေးမှူးဖြစ်သည့် တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ရဲမှူးချုပ်ဇော်လင်းထွန်းက မြန်မာနိုင်ငံ၏ (၁၉)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းအဖွဲ့ဝင်များက Action Plan များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒေါက်တာစန္ဒာဦး၊ ပြည်ထောက်ခံတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဥပဒေရေးရာနှင့် မူခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မူခင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

➤ ပို့ကုန်တင်ပို့သူများမှ

ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏအား ဘဏ်စာရင်းတွင်ထားရှိနိုင်သည့် ရက်ကိုတိုးမြှင့်ပေးခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ ပြည်ပသို့ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိရန်၊ ပို့ကုန်၊ သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှုအဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တို့အတွက်ရည်ရွယ်၍ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင်ထားရှိနိုင်သည့် ရက် (၃၀) အစား (၄၅) ရက်အထိ တိုးမြှင့်ခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

➤ မိုးစပါးမှ

(ဃ) ခြွေလှေ့ပြီးစပါးများကို အမြန်ဆုံးအမိုးအကာအောက်သို့ ရောက်ရှိအောင် ဆောင်ရွက်ပါ။

(c) စပါးရိတ်သိမ်းရာတွင် လူလုပ်အားဖြင့် ဆောင်ရွက်ရမည်ဆိုပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ခြင်းလုပ်ငန်းကိုဆောင်ရွက်ပါ။

(စ) ချက်ချင်း မခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံမထားဘဲ အမိုးအကာအောက်သို့ အမြန်ဆုံး သယ်ယူ၍ စနစ်တကျစုပုံထားပါ။

(ဆ) ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်/ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားပါ။


(ဇ) ရိတ်သိမ်းပြီး စပါးခင်းထဲတွင် ကောက်ပြန့်များရှိပါက အမြန်ဆုံး ကောက်လှိုင်းစည်း၍ ဖိုခုံလောက်ဆိုင်ထောင်ထားပါ။ ကောက်လှိုင်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံပါ။

(ဈ) စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံးခြွေလှေ့ပြီး အစိုခတ် (၁၄)ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက် (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

(ည) ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် စိုက်ခင်းများ မပျက်စီးရန်အတွက် စိမ့်မြောင်း၊ ပတ်မြောင်းများဆောင်ရွက်ပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မိုးလေဝသ သတင်း



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် ချောင်းကမ်းပါးပြိုကျမှု အမြန်ဆောင်ရွက်ပေးရေး၊ အစိုးရဌာနဆိုင်းဘုတ်များ၌ အပ်နှံထားသည့်ငွေများကို လိုအပ်သည့် ပမာဏ ထုတ်ယူနိုင်ရေး၊ ပလက်ဖောင်းနှင့်အမှိုက်ပုံရွှေ့ပြောင်းပေးရေး၊ တက္ကသိုလ်ဆောက်လုပ်ပြီး ကျန်ရှိမြေများ ပြန်လည်စွန့်လွှတ်ပေးရေး၊ ဆရာ/ဆရာမ အင်အား ဖြည့်ဆည်းပေးရေး၊ ပညာရေးကောလိပ်တွင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခွင့်ရရှိရေး၊ အစားအသောက်ဆိုင်များ ပြန်လည်ခန့်ထားပေးရေး၊ ပညာရေးဒီဂရီကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်ပေးရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်း၊ အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်း ၁ ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ်၊ ကဒပွနကျေးရွာရှိ ချောင်းကမ်းပါးပြိုကျမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ကျောက်တန်းမြို့နယ် ကဒပွန ကျေးရွာတွင် မှော်ဝန်းချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျပျက်စီးမှုများ ကာကွယ်နိုင်ရန် မှော်ဝန်းချောင်းတွင် သောင်စွယ်ဖြတ်ခြင်း၊ ဖြတ်တူးမြောင်းတူးဖော်ခြင်းနှင့် ကဒပွနချောင်းတွင် သောင်စွယ်ဖြတ်ခြင်းနှင့် ကမ်းထိန်းတမံများ တည်ဆောက်ပေးရန်တို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် လျာထားရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လာမည့် ဘဏ္ဍာနှစ်များ၌ ရန်ပုံငွေလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သင့်သည့် အစီအမံများကို ရေးဆွဲတွက်ချက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **အစိုးရဌာနဆိုင်းဘုတ်များ၌ အပ်နှံငွေများအား လိုအပ်သလောက် ထုတ်ယူခွင့်ပြုနိုင်ရေး အတွက် မူဝါဒ၊ နည်းပညာ၊ ဝန်ဆောင်မှုများကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က နိုင်ငံပိုင်ဘဏ်များအနေဖြင့် Customer များမှ ငွေသားထုတ်ယူရာတွင် ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ငွေသားထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ဒီဂျစ်တယ်ငွေပေးချေမှု နည်းလမ်းများနှင့် စာရင်းပြောင်း နည်းလမ်းများကို ပိုမိုအားပေးဆောင်ရွက်ရန်နှင့် မြို့နယ်ဘဏ်ခွဲများအထိ ထိရောက်စွာကြပ်မတ်ကွပ်ကဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်ပိုင်ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒီဂျစ်တယ် စီးပွားရေးအဆောက်အအုံသို့အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်စေရန်နှင့် ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အများပြည်သူများအနေဖြင့် ငွေသားသုံးစွဲမှုလျော့ချပြီး အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ၏ လက်ရှိနည်းပညာစနစ်များ၊ လုပ်ငန်းဆောင်ရွက်နိုင်စွမ်း၊ သုံးစွဲနိုင်မည့် ဘဏ္ဍာရေးအရင်းအမြစ်နှင့် လူစွမ်းအား အရင်းအမြစ်တို့အပေါ် ထည့်သွင်းသုံးသပ်ကာ ဦးစားပေးလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လိုအပ်ချက်ပေါ်မူတည်ပြီး အဆင့်လိုက် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံပိုင်ဘဏ်များသို့ ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ အ.ထ.က(၁)ကျောင်းခြံစည်းရိုးအနီးသို့ ပလက်ဖောင်းပြောင်းရွှေ့ရန် ရေတို၊ ရေရှည်အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ အ.ထ.က(၁) ကျောင်းရှေ့ရှိ အောင်သီဟလမ်း ပလက်ဖောင်း(၂)ခုကြားတွင် မိန်းလမ်းဖြစ်သဖြင့် လူသွားလူလာများခြင်း၊ ကားကြိုးများ ဖြတ်သန်းသွားလာမှုရှိခြင်းကြောင့် ကျောင်းတက်/ဆင်းချိန်တွင် ကျောင်းသား/သူများ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် အဆိုပါပလက်ဖောင်းအား ဖျက်၍ အ.ထ.က(၁) ကျောင်းခြံစည်းရိုးအနီး(ရေမြောင်းအနီး)သို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ၌ အောင်သီဟလမ်းတွင် မူလပလက်ဖောင်းအဟောင်းအား ဖျက်၍ ပလက်ဖောင်းအသစ် ပြုလုပ်ခြင်း (၁၆၀၀' x ၅'-၆") လုပ်ငန်းအား ငွေကျပ် ၁၂၁ ဒသမ ၇၂၅ သန်းဖြင့် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၏ **ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များရှိ ထားဝယ်ချောင်အမှိုက်ပုံကြီးအား မည်သည့်အချိန်တွင် အမြန်ဆုံးရွှေ့ပြောင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က လက်ရှိအချိန်တွင် အမှိုက်စွန့်ပစ်ရန်မြေနေရာ ရှားပါးလာခြင်းကြောင့် ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား ပိတ်သိမ်းနိုင်ခြင်းမရှိပါကြောင်း၊ ပြည်သူများမှ နေ့စဉ်စွန့်ပစ်သည့် အမှိုက်တန်ချိန်(၁၀၀၀ မှ ၁၂၀၀)ခန့်အား စီမံခန့်ခွဲနိုင်ရန်အတွက် အရန်အနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သရက်ပင်ချောင် စွန့်ပစ်အမှိုက်ပုံအား ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက စနစ်တကျ အမှိုက်ပုံပိတ်သိမ်းသည့် လုပ်ငန်းစဉ်အတိုင်း စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ပဲခူးတက္ကသိုလ်ဆောက်လုပ်ပြီးနောက် ကျန်ရှိသည့် မြေဇာအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပဲခူးတက္ကသိုလ်သည် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်တစ်ခုဖြစ်ပြီး နှစ်စဉ်တိုးတက်များပြားလာသည့် ကျောင်းသားဦးရေများအတွက် လိုအပ်သည့် ကျောင်းသာ၊ ကျောင်းသူ အိပ်ဆောင်များ၊ နားနေဆောင်များ၊ တက္ကသိုလ်အပန်းဖြေရိပ်သာ၊ စာသင်ဆောင်များ ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ခြင်းများကို ဘဏ္ဍာနှစ်အလိုက် လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဆိုင်ရာ အဆောက်အအုံများ၊ သုတေသနပြုလုပ်ရန် အဆောက်အအုံများနှင့် လက်တွေ့စမ်းသပ်ရန် မြေနေရာများ၊ ဝန်ထမ်းနေအိမ်များ၊ အားကစား အဆောက်အအုံများကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ္ဍာနှစ်အလိုက်လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စွန့်လွှတ်/လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **ရှမ်းပြည်နယ်ရှိ ဆရာ/ဆရာမ မပြည့်စုံသော ကျောင်းများတွင် ဆရာ/ဆရာမ ခန့်ထားပေးနိုင်ရေး၊ ပညာရေးကောလိပ်များတွင် ဒေသခံတိုင်းရင်းသားများ ပိုမိုတက်ရောက်ခွင့်ရရှိရေးနှင့် ပညာရေးဝန်ထမ်းများ ဌာနသို့ ပြန်လည်ပဉ်ရောက်လိုပါက ဦးစားပေးခန့်ထားနိုင်ရေးတို့အား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပဲခူးတိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနများသို့ပေးပို့ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန (နေပြည်တော်)သို့ စိစစ်ပေးပို့ရပါကြောင်း၊ စိစစ်ပြီးသည့် အဆိုပြုလျှောက်လွှာများကို ပညာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့ရပါကြောင်း၊ အဆိုပါလျှောက်လွှာများအနက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ဆရာအတတ်ပညာအရည်အသွေးမြှင့်အထောက်အကူပြုဆွေးနွေးပွဲသင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး အခြေခံပညာဦးစီးဌာနမှ TA/LT(ပုတ်ပြတ်)အဖြစ် နှစ်စဉ်ခန့်ထားပေးလျက်ရှိပါကြောင်း။

ဘွဲ့ရရှိပြီးသူများအတွက် ပညာရေးဒီဂရီကောလိပ်များတွင် ဖွင့်လှစ်လျက်ရှိသည့် ပညာရေးနှင့်သင်ပြ ပညာရေးဒီဂရီကောလိပ်များတွင် (Diploma in Education and Pedagogy– Dip.EP) သင်တန်းသို့တက်ရောက်၍ မူလတန်းပြများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း။

အခြေခံပညာဦးစီးဌာန အနေဖြင့် ဒေသအခြေအနေအရ ယာယီပိတ်ထားရသော ကျောင်းများမှ သတင်းပို့ ဆက်သွယ်လာသည့် ဝန်ထမ်းများနှင့် ဖွင့်ကျောင်းများတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်ထိုကြောင်း၎င်းတို့ကိုယ်တိုင် သတင်းပေးပို့ ဆက်သွယ်လာပါက သတ်မှတ် လုပ်ထုံးလုပ်နည်းနှင့် အညီ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများက စိစစ်ပြီး တွဲဖက်တာဝန်ထမ်းဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သတင်းပေးပို့ဆက်သွယ်ခြင်း မရှိသည့်ဝန်ထမ်းများကို လစာရပ်ဆိုင်းထားခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း စသည့်လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပြီး တာဝန်မှ ယာယီရပ်ဆိုင်းခြင်း ခံထားရသည့် ပညာရေးဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်လိုပါက သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံးများသို့ ကိုယ်တိုင်သတင်းပို့ဆက်သွယ် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဝန်ထမ်းအား ဌာနဆိုင်ရာစစ်ဆေးမှုပြုပြီး အပြစ်မရှိကြောင်း အကြောင်းပြချက်ခိုင်လုံပါက အလုပ်ပြန်လည်ခန့်အပ်ပေးမည် ဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ သို့

◆ စာမျက်နှာ ၇ မှ

ရာထူးမှ ထုတ်ပယ်ခြင်းခံရ၍ အယူခံတင်သွင်းသူများကိုလည်း နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပြန်လည်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့တွင် ပညာရေး ဒီဂရီကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့နှင့် မိုင် ၁၅၀ အကွာ၌ ထားဝယ်ပညာရေး ဒီဂရီကောလိပ်ကို လည်းကောင်း၊ မွန်ပြည်နယ်တွင် မြိတ်မြို့နှင့် (၃၄၂)မိုင်အကွာ၌ မော်လမြိုင် ပညာရေးဒီဂရီကောလိပ်ကိုလည်း ကောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိနှစ်သက်ရာကျောင်းသို့ လျှောက်ထားလာပါက တက်ရောက်ခွင့်ပြုလျက်ရှိပါကြောင်း။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း တောင်ပိုင်းခရိုင်များဖြစ်သည့် ဘုတ်ပြင်းနှင့်ကော့သောင်းဒေသများမှ ထားဝယ်မြို့သို့ သွားရောက်၍ ဆရာအတတ်ပညာသင်ယူရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဒီဂရီကောလိပ် ဝင်ခွင့်နှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့သို့ ပုံမှန်နေ့ကျောင်းသားအဖြစ် ဝင်ခွင့်လျှောက်ထားစဉ်တွင် ဆန္ဒပြုလွှာ၌ မိမိအဆင်ပြေရာ နှစ်သက်ရာ ပညာရေးဒီဂရီကောလိပ်များသို့ ဦးစားပေး လျှောက်ထားနိုင်ပြီး ဆရာအတတ်ပညာများသင်ယူရန် စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြိတ်မြို့တွင် ပညာရေးဒီဂရီကောလိပ် တည်ထောင်ဖွင့်လှစ်ပေးရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မြစ်ကြီးနား မြို့နယ်၊ အ-မ-က(၃)တွင် တစ်ထပ်ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့နယ်၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း(နန်းကွေ့)ရှိ အန္တရာယ်ဆောင် (၇၅ x ၂၅)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်အား ဖျက်သိမ်း၍ လိုအပ်သော စာသင်ခန်း (၃)ခန်းစာ ပေ (၆၀ x ၃၀) RCC (၁)ထပ် ဆောက်လုပ်ရန် အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဦးမြင့်စိုးဆင့်၏ **မော်လိုက်မြို့၊ အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၂) ၌ (၁)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ဆောင်၌ သင်ကြားနေသော စာသင်ခန်း (၂)ခန်း၊ ယာယီဆောင်တွင် သင်ကြားနေသော စာသင်ခန်း(၁)ခန်း၊ စုစုပေါင်း (၃)ခန်းအတွက် အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ (၆၀x၃၀) RCC(၁)ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ်၊ မူ(လွန်) ကွင်းပေါက်ကြီး ကျောင်းအား (၁)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကွင်းပေါက်ကြီး-အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ယာယီကျောင်းဆောင်ဖြင့် သင်ကြားနေရခြင်းကြောင့် အဆိုပါကျောင်းရှိ ယာယီဆောင် (၇၅ x ၁၅)ပေ ခနိမိုး၊ ခနိကာ၊ သဲခင်း (၁)ထပ်အား ဖျက်သိမ်း၍ ပေ (၉၀ x ၃၀) RCC(၁)ထပ် ဆောက်လုပ်ရန်အတွက် နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခေါင်းစဉ်အောက်မှ တိုင်းဒေသကြီး၏တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ်၊ ဆားတဲကျေးရွာ၊ အလယ်တန်းကျောင်း၌ (၂)ထပ် ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်း၊ ဆားတဲကျေးရွာအလယ်တန်းကျောင်းရှိ ကျောင်းဆောင်များအနက် အဆောင်(၁) (၁၂၀ x ၃၆)ပေ (E) ပုံသဏ္ဌာန် RCC (၁)ထပ်ဆောင်တွင် စာသင်ခန်း (၄) ခန်းဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ကြားလျက်ရှိပြီး အင်ဂျင်နီယာမှ အန္တရာယ်ဆောင်အဖြစ် သတ်မှတ်သင့်ကြောင်း ထောက်ခံချက်ပေးထားပါသဖြင့် ၎င်းကျောင်းဆောင်တွင်ရှိသော စာသင်ခန်း (၄)ခန်းနှင့် တန်းခွဲအရလိုအပ်သော စာသင်ခန်း (၂)ခန်း၊ စုစုပေါင်း စာသင်ခန်း (၆)ခန်းအတွက် အန္တရာယ်ဆောင် (၁၂၀ x ၃၆)ပေ (E) ပုံသဏ္ဌာန် RCC (၁)ထပ် ကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ(၁၁၀ x၃၀) RCC (၂)ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လာမည့် ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် **"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေး မူဝါဒ (Zero- Tolerance Anti-Bullying and School Safety Policy)" တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်းက ကလေးသူငယ်တစ်ဦးသည် ကြောက်ရွံ့မှု၊ ဖိနှိပ်မှုနှင့် အနိုင်အထက်ကျင့်မှုများရှိနေသည့် ပတ်ဝန်းကျင်တွင် အရည်အသွေးပြည့်ဝသော ပညာရေးကို အပြည့်အဝရရှိနိုင်မည် မဟုတ်ပါသဖြင့် ပညာရေးအခွင့်အရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကျောင်းတွင်းအကြမ်းဖက်မှုများကို ဖြစ်ပွားပြီးမှ အရေးယူဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ်တားဆီးရေးကို အခြေခံသည့် စနစ်ကျသော မူဝါဒတစ်ရပ်ချမှတ်ရန်လိုအပ်ပြီး ယင်းမူဝါဒတွင် အကြမ်းဖက်မှုတားမြစ်ရေး၊ တိုင်ကြားဖြေရှင်းရေး၊ ထိခိုက်နစ်နာသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ကျူးလွန်သူများအား ဥပဒေနှင့်အညီအရေးယူရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတို့ကို ပြည့်စုံစွာ ထည့်သွင်းသတ်မှတ်ရန်လိုအပ်ပါကြောင်း။

ကလေးသူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံတော်၊ မိဘအုပ်ထိန်းသူများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံးတွင် တာဝန်ရှိသည့်အတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့် ပညာသင်ကြားသင်ယူမှု ပတ်ဝန်းကျင်တစ်ရပ်လုံးကို ဖန်တီးပေးရန်လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အနာဂတ်နှင့် ဘေးကင်းလုံခြုံမှုအတွက် ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ရေး မူဝါဒတစ်ရပ်ကို အစိုးရအနေဖြင့် စနစ်တကျရေးဆွဲချမှတ်ရန် မလွဲမသွေ တိုက်တွန်းသင့်ပါကြောင်း၊ သို့ရာတွင် အဆိုပါမူဝါဒသည် ကလေးသူငယ်များအား အပြစ်ပေးရုံသက်သက်မျှသာမဟုတ်ဘဲ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြုပြင်စောင့်ရှောက်ပေးခြင်းတို့ မျှတစွာပေါင်းစပ်ပါဝင်သည့် ခေတ်မီမူဝါဒတစ်ရပ်ဖြစ်ရန်လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက ကျောင်းသား၊ ကျောင်းသူများ စိတ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ရေရှည် အကျိုးစီးပွားအတွက် Bullying နှင့် ကျောင်းတွင်းအကြမ်းဖက်မှုမျိုးစုံကင်းစင်စေရေး မူဝါဒတစ်ခုခုကို သက်ဆိုင်ရာက သတ်မှတ်ထိန်းချုပ်ကာကွယ်ပေးပြီး လူစွမ်းအားအရင်းအမြစ်နှင့် ပညာရေးအသိုက်အဝန်းဖွံ့ဖြိုးရေးကို ရှေးရှုသင့်ပါကြောင်းအဆိုကို ထောက်ခံဆွေးနွေးသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက ကျောင်းနေအရွယ် ကလေးသူငယ်များသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုအပါအဝင် ကျောင်းတွင်း အကြမ်းဖက်မှုအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နေရပြီး ကိုယ်ထိလက်ရောက်တိုက်ခိုက်ခံရခြင်း၊ ရန်ဖြစ်ခြင်း၊ နှုတ်ဖြင့် စော်ကားဆဲဆိုခြင်း၊ လှောင်ပြောင် ပြက်ရယ်ပြုခြင်း၊ အထီးကျန်အောင် သီးခြားခွဲထုတ်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက်ခြင်း စသည့်ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရကြောင်း။

ယင်းသို့သော အကြမ်းဖက်မှုများသည် ကျောင်းစုဝေးပွဲများ၊ ကျောင်းတွင်း လှုပ်ရှားမှုများ၊ စုပေါင်းသန့်ရှင်းရေး၊ အားကစား လှုပ်ရှားမှုများနှင့် ပွဲတော်များ ကျင်းပချိန်တွင် မမျှော်လင့်ဘဲ ဖြစ်ပွားတတ်ပြီး ကျောင်းတွင်း အကြမ်းဖက်မှုများသည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၏ ကျောင်းတွင်း စီမံခန့်ခွဲမှုစနစ်နှင့် တိုက်ရိုက်အချိုးကျဆက်စပ်နေကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ကာကွယ်နိုင်ရန်နှင့် အပြန်အလှန်ကြင်နာတတ်သော ကျောင်းယဉ်ကျေးမှုတစ်ရပ်တည်ဆောက်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကော့ကရိတ် မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်က ကျောင်းတွင်း အကြမ်းဖက်မှု၊ အနိုင်ကျင့်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ တားဆီးကာကွယ်ရေးသည် ကျောင်းတစ်ကျောင်း၊ ဆရာတစ်ဦး၊ မိဘတစ်ဦးတည်းဖြင့် ဖြေရှင်းနိုင်သည့် ကိစ္စရပ်မဟုတ်ဘဲ ကျောင်း၊ မိဘ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ ကလေးသူငယ်များကို အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော နိုင်ငံ့သားကောင်း ပညာတတ်ကြီးများ ဖြစ်လာစေလိုကြောင်း၊ ကလေးတစ်ဦးချင်းစီ၏လုံခြုံမှုသည် ပညာရေးအောင်မြင်မှု၏ အခြေခံဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်အတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှု တစ်ရပ်လည်းဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

မိုးညှို့မဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်က ယနေ့ခေတ်တွင် ကလေးသူငယ်တစ်ဦး၏ ဘေးကင်းလုံခြုံမှုသည် ကျောင်းတံခါးအတွင်း၌သာ ကန့်သတ်မနေဘဲ ၎င်းတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်း၊ အင်တာနက်နှင့် လူမှုကွန်ရက်ပေါ်တွင်လည်း လုံခြုံမှုရှိရန် မဖြစ်မနေလိုအပ်လာပြီဖြစ်ကြောင်း၊ စာသင်ခန်းများအတွင်း လက်ကိုင်ဖုန်း မသုံးရ၊ ယူဆောင်မလာရဟု ကန့်သတ်ထားသော်လည်း အသုံးပြု၍ရသည့် အခြားနေရာများတွင် သုံးစွဲမှုများ ရှိနေနိုင်သဖြင့် ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဒီဂျစ်တယ်ခေတ် အန္တရာယ်များမှ ကာကွယ်ပေးနိုင်ရေးအတွက် ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်သည့် မူဝါဒတစ်ရပ်ချမှတ်နိုင်ရေး သည် အထူးပင်အရေးကြီးပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဥာဏ်ဝင်းထိုက်တို့က ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်းဘေးကင်းလုံခြုံရေးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကို လက်ရှိတွင်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအား လုံးဘေးကင်းလုံခြုံသည့် ပညာသင်ယူမှုပတ်ဝန်းကျင်တွင် ပညာသင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်မှုရလဒ်များကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သို့ ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းတွင်းအကြမ်းဖက်မှုဆိုင်ရာမူဝါဒတစ်ရပ်ကို ပညာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ကျောင်းနေအရွယ် ကလေးသူငယ်များသာမက ကျောင်းပြင်ပသို့ ရောက်ရှိနေသော ကလေးသူငယ်များ၏အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်ယည်အတွက် လက်ရှိ ပြဋ္ဌာန်းထားပြီးဖြစ်သည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (The Child Rights Law, 2019)နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နည်းဥပဒေများ(Child Rights Rules)တို့တွင် ခေတ်နှင့်အညီ လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေး မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုအား မှတ်တမ်းထားစောင့်ကြည့်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထား လေ့လာဆောင်ရွက်သွားရန်

စာမျက်နှာ ၉ သို့ ◆

● စာမျက်နှာ ၈ မှ

တိုက်တွန်းပါကြောင်း၊ ရှိပြီးဖြစ်သည့်ဥပဒေများနှင့် ဆက်စပ်ကာသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအားလုံး အချင်းချင်း ညှိနှိုင်းပြီး ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ပပျောက်ရေးနှင့် ထိန်းကျောင်းရေးဆိုင်ရာ မူဝါဒ Control Mechanism တစ်ရပ်ကို ချမှတ်လျက် ကနဦးအဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ပေးရန်လုပ်ငန်းစဉ်အား လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း၊ တိုးတက်မှုများကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်နှင့်တိုးတက်မှုများအပေါ် အခြေခံ၍ လိုအပ်သလို ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်၏ အခန်းအကြောင်းအရာ ဖြစ်ကြောင်း ကြည်ညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းတစ်ရပ်လုံးနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူအတည်ပြုသည့်အတွက် လွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသား လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀)ဦးမြင့်စန်း၏ **မန္တလေးတိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနလက်အောက်ရှိ အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)တွင် ရပ်ဝေး သင်တန်းသားများ တည်းခိုရန်အတွက် ပေ(၁၀၀ x ၅၀) RC (၂) ထပ် သင်တန်းသားအိပ်ဆောင် တစ်လုံးအား တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး)တွင် နယ်ဝေးမှလာရောက်၍ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ သင်တန်းကာလအတွင်း နေထိုင်နိုင်ရေးအတွက် (၅၆) ဦးဆံ့ သင်တန်းသားအိပ်ဆောင် ပေ (၁၀၀x ၅၀) RC (၂) ထပ်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေအရ၊ အသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်း လျာထားတောင်းခံပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ် (၄) ဦးစိန်ရွှေမင်း၏ **အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားပွဲဒိုင်များ လေ့ကျင့်မွေးထုတ်ပြီး အရပ်ဘက်အားကစားပွဲများကို အကူအညီပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး /ခရိုင်/မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များနှင့်ပူးပေါင်း၍ ဒိုင်သင်တန်းများ နှစ်စဉ်ဖွင့်လှစ်လျက်ရှိရာ ပျမ်းမျှတစ်နှစ်လျှင် ဒိုင်လူကြီး(၃၅၀)ခန့် မွေးထုတ်ပေးလျက်ရှိပြီး အလားအလာရှိလူငယ် ဒိုင်လူကြီးများအား ဘောလုံးအဖွဲ့ချုပ်ဒိုင်လုပ်ငန်းဌာနမှ ကမ္ဘာ့အသိအမှတ်ပြု ဒိုင်လူကြီးဖြစ်လာစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်နှင့် သင်တန်းများ ဖွင့်လှစ်ပို့ချရန်အတွက် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒိုင်လူကြီး၊ နည်းပြများ တောင်းခံလာပါက သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့်ချိတ်ဆက်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဘောလုံးအားကစားနည်း အပါအဝင်အားကစားနည်းမျိုးစုံအတွက် ဒိုင်လူကြီးသင်တန်း (၁၀)ကြိမ် ဖွင့်လှစ်ရန် ရန်ပုံငွေ ငွေကျပ် သိန်း (၂၂၀)လျာထားဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပစဉ်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာအုပ်စု၊ အုမ္မသီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နောင်ချိုမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားပေးထရန်စဖော်မာများ ပျက်စီးခဲ့ပါကြောင်း၊ အုမ္မသီးကျေးရွာအနီးရှိ ဆမ္မဆယ်ကျေးရွာ၊ နားခေါ်ကျေးရွာ၊ နားကျောင်းခမ်းကျေးရွာ၊ ရေဝင်ကျေးရွာနှင့် သုံးဆယ်ကျေးရွာတို့ရှိ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများသည် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သော်လည်း ပျက်စီးမှုပမာဏနည်းပါးသည့်အတွက် ကျေးရွာမီးလင်းရေးကော်မတီများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်ပြုပြင်နိုင်ခဲ့ပြီး ဓာတ်အားရယူသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း။

အုမ္မသီးကျေးရွာသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ ပျက်စီးမှုပမာဏ ကြီးမားသဖြင့် ဓာတ်အားပြန်လည် သုံးစွဲနိုင်ရန်အတွက် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ လက်ပံတောကျေးရွာအုပ်စု၊ စည်ပင်သာကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ထရန်စဖော်မာ ချထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စည်ပင်သာကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံး တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားပြီး ဘဏ္ဍာငွေရရှိမှုအခြေအနေအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကို ပေ(၆၀ x ၃၀) RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေချထား ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေလျာထားတောင်းခံရာ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ရုံးအဆောက်အအုံများ၊ မန္တလေးငလျင်ဒဏ် အပါအဝင် သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်ရုံးများအား ဦးစားပေး လျာထားတောင်းခံခဲ့သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံများသည် လျာထားတောင်းခံမှုတွင် မပါရှိခဲ့ပါကြောင်း။

လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ရုံးများ၊ ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်း မရှိသေးသောရုံးများနှင့် အမှန်တကယ် လူနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည် ဆောက်လုပ်နိုင်ရေးအတွက် လျာထားတင်ပြတောင်းခံခြင်းဖြစ်သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ် ဦးစီးမှူးရုံး ဆောက်လုပ်ရန်လျာထားတောင်းခံမှုတွင် မပါရှိသောကြောင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲပြုချက် ရရှိမှုအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ဗန်းမော်ခရိုင်မှ နေရပ်စွန့်ခွာ၍ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ အနီးတစ်ဝိုက်ရှိ မြို့ရွာများတွင် လာရောက်နေထိုင်ကြသူများအတွက် မန္တလေးမြို့၌ ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ယာယီရုံးခွဲ လာရောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက အင်တာနက်နှင့် လျှပ်စစ်မီး အခက်အခဲကြောင့် ကချင်ပြည်နယ်(ယာယီရုံးခွဲ)အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ စတင်ဖွင့်လှစ်၍ ကချင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသည့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အလားတူ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်အထိ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ရွှေစည်းခုံဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီခိုလှုံရာစခန်းရှိ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးမှ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၁၀ သို့ ●

● စာမျက်နှာ ၉ မှ

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ ကချင်ပြည်နယ်(ယာယီရုံးခွဲ)ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး မြစ်ကြီးနားမြို့နယ်တွင် အင်တာနက်၊ လျှပ်စစ်မီးပြန်လည်ကောင်းမွန်ခြင်းနှင့် ယာယီနေရပ်စွန့်ခွာပြည်သူအများစု ရောက်ရှိနေထိုင်မှုကြောင့် အဆိုပါရုံးခွဲမှ အရာထမ်း၊ အမှုထမ်းများအား မြစ်ကြီးနားမြို့သို့ ပြန်လည်ရွှေ့ပြောင်းတာဝန်ထမ်းဆောင်စေပြီး မြစ်ကြီးနားမြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများ၌ နေထိုင်လျက်ရှိသည့် ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်စေခဲ့ပါကြောင်း။

ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ ရောက်ရှိနေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းကို မြစ်ကြီးနားမြို့နယ်သို့ လာရောက်လျှောက်ထားရန် မလိုအပ်ဘဲ ရောက်ရှိနေထိုင်သည့် မြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် မိမိမူလနေထိုင်သည့် ကချင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ အိမ်ထောင်စုလူဦးရေစာရင်း မပြောင်းရွှေ့ပါက နိုင်ငံသားစိစစ်ရေးကတ်ပြား စတင်ဆောင်ရွက်သူများအား ကချင်ပြည်နယ်သက်ဆိုင်ရာ ထုတ်ပေးဆောင်ရွက်လျက်ရှိသဖြင့် မန္တလေးမြို့၌ ဗန်းမော်ခရိုင် (ယာယီရုံးခွဲ)အား ဖွင့်လှစ်ရန် ဝန်ကြီးဌာနအနေဖြင့် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **ပြည်သူလူထု၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးဝေယံမျိုးက ကမ္ဘာ့နိုင်ငံအများအပြားသည် ပလတ်စတစ်အမှိုက်ပြဿနာကို ဖြေရှင်းရန် ဥပဒေအရ တားမြစ်ခြင်း၊ အခွန်အခကောက်ခံခြင်းနှင့် စီးပွားရေးဆိုင်ရာ မက်လုံးပေးခြင်း စသည့် မူဝါဒအမျိုးမျိုးကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအတွက် အရေးကြီးသော သင်ခန်းစာများကို လေ့လာရရှိနိုင်ပါကြောင်း၊ ဥပဒေဖြင့် လုံးဝတားမြစ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ စွဲးကွက်အတွင်း သင့်တင့်သောအစားထိုးပစ္စည်းများ လုံလောက်စွာရရှိစေရေး၊ စီးပွားရေးဆိုင်ရာ စည်းမျဉ်းများကျင့်သုံးရေးနှင့် အဆင့်လိုက် အကောင်အထည်ဖော်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်မှသာ ရေရှည်တည်တံ့သောအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားရေးအခြေအနေ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုယန္တရားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၏အခြေအနေအရ ရုတ်တရက် လုံးဝပိတ်ပင်ခြင်းထက် (၃)နှစ်မှ (၅)နှစ်အတွင်း အဆင့်လိုက်လျှော့ချမည့် မူဝါဒအစီအမံသည် အကောင်အထည်ဖော်ရန် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ပလတ်စတစ်အိတ်များကို တားမြစ်ရာတွင် စွဲးကွက်၌ အစားထိုးပစ္စည်းလုံလောက်စွာရရှိရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ထွက်ရှိသော သဘာဝကုန်ကြမ်းများ (ဝါး၊ ကြိမ်၊ စက္ကူ၊ အုန်းဆံ၊ အင်ဖက်၊ ငှက်ပျောဖက်) တို့ဖြင့်ပြုလုပ်သော အိတ်များနှင့် ဆွေးမြည့်လွယ်သော Bioplastics ထုတ်လုပ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား အသေးစားချေးငွေပံ့ပိုးပေးခြင်း၊ နည်းပညာကူညီပေးခြင်းနှင့် အခွန်ကင်းလွတ်ခွင့်များ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်မာရီအားမူက ပလတ်စတစ်၏အသုံးဝင်မှုကိုသာ အလေးထားအသုံးပြုပြီး စနစ်တကျ စွန့်ပစ်မှုမရှိခြင်း၊ တစ်ခါသုံးပစ္စည်းများကို အလွန်အကျွံအသုံးပြုခြင်း၊ Recycle စနစ်များ အားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် အပေါ်သို့ တဖြည်းဖြည်းဆိုးကျိုးများ ကြီးမားများပြားလာသည်ကို တွေ့မြင်ရပါကြောင်း၊ အချို့သောကမ္ဘာ့နိုင်ငံများသည် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရန် ဥပဒေမူဝါဒနှင့် လုပ်ငန်းစီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့် မလုံလောက်ဘဲ ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် အလေ့အကျင့်များပြောင်းလဲရေး၊ အစားထိုးပစ္စည်းများ ရရှိနိုင်ရေး၊ အမှိုက်သိမ်းဆည်းရေး စနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများကို အရေးယူ ကြပ်မတ်စေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကိုလေ့လာပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ကိုက်ညီသော မူဝါဒများကို အဆင့်လိုက် အကောင်အထည်ဖော်သင့်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ စနစ်တကျ စွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေရန် လူမှုအဖွဲ့အစည်းအဆင့်နှင့် တစ်ဦးချင်းအဆင့်အထိ ပူးပေါင်းဆောင်ရွက်နိုင်ပါရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးမင်းစိန်က ပလတ်စတစ်ကြွပ်ကြွပ်အိတ်ထဲကို ပူနွေးသောအာဟာရများ၊ ဟင်းရည်များ၊ လက်ဖက်ရည်၊ ကော်ဖီ အစရှိသည့် အပူရည်များကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ပလတ်စတစ်နှင့် အပူဓာတ်ပြုပြီး ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို ရေရှည်စားသုံးမိပါက ဟော်မုန်းစနစ်ကိုထိခိုက်စေပြီး ကိုယ်ခံအားကျဆင်းခြင်းနှင့် ကင်ဆာရောဂါအပါအဝင် အခြားသောနာတာရှည်ရောဂါများဖြစ်ပွားနိုင်ခြေကို မြင့်မားစေပါကြောင်း၊ ပလတ်စတစ်အိတ်များကို မီးရှို့ဖျက်ဆီးသည့် အခါ လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိပ်အတောက်ဖြစ်စေသောဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုကိုညစ်ညမ်းစေသောကြောင့် ပလတ်စတစ်များသည် လူနှင့်သတ္တဝါများ၏ ကျန်းမာရေးကို ထိခိုက်စေရုံသာမက အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်နေပါကြောင်း။

နေ့စဉ်ဘဝတွင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် သဘာဝပစ္စည်းများကို အစားထိုးအသုံးပြုခြင်းနှင့် အသုံးပြုပြီး ပလတ်စတစ် ကြွပ်ကြွပ်အိတ်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ပလတ်စတစ် ညစ်ညမ်းမှုပြဿနာကို မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပင်လယ်အတွင်းသို့ ရောက်ရှိမှုကိုလျှော့ချရန်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ အားကောင်းလာစေရန်အတွက်လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်း (Reduce – Reuse – Recycle 3Rs) နှင့် ပတ်လည်စီးပွားရေး (Circular Economy) တို့ကို ဖော်ဆောင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်လျှော့ချရေး ရည်မှန်းချက်များဖြစ်သည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျှော့ချရန်၊ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ ရောက်ရှိမှုလျှော့ချရန်နှင့် ပြန်လည်အသုံးပြုမှု (Recycle)အားပေးရန် အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (၂၀၂၆–၂၀၃၅) ကို ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကာလတို (၂၀၂၆–၂၀၂၈)၊ ကာလလတ် (၂၀၂၆–၂၀၃၀)၊ ကာလရှည်(၂၀၂၆–၂၀၃၅) ဟူ၍ အချိန်ကာလများသတ်မှတ်ပြီး ထုတ်လုပ်သူ၊ရောင်းချသူနှင့် သုံးစွဲသူအားလုံးပါဝင်သည့် တာဝန်ယူမှုစနစ်တစ်ရပ် တည်ဆောက်သွားမည်ဖြစ်ရာ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများကန့်သတ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ Extended Producer Responsibility– EPR စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့၊ ပလတ်စတစ်ကုန်ကြမ်း၊ ကုန်ချောတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထုတ်လုပ်မှုနှင့် တင်သွင်းမှု စီစစ်ကြပ်မတ်ခြင်းနှင့်ပတ်သက်၍ ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်ဖြတ်စ (Recycle Plastic Scrap) တင်သွင်း/တင်ပို့ခြင်းကို ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိဘဲ စက်ရုံများတွင် ပြန်လည်ဆန်းသစ်အသုံးပြုနိုင်သည့် ကုန်ကြမ်းများအဖြစ် သန့်စင်ပြီးကုန်ကြမ်းများကို စီစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ စက်ရုံလုပ်ငန်းအရွယ်အစားအလိုက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ် (Environmental Impact Assessment) ဆောင်ရွက်ထားခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်သုံးစွဲမှုနှင့်ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးခြင်း၊ လူထုလှုပ်ရှားမှုများနှင့် ဒေသန္တရအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စံနမူနာပြ အကောင်အထည်ဖော်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး လက်တွေ့ဆောင်ရွက်ချက်ဖြစ်သည့် Sunday Stop၊ Monday Stop အစီအစဉ်များအဖြစ် အပတ်စဉ် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်မသုံးစွဲရန် အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်ထုတ်လုပ်သည့် ဓာတုကုန်ကြမ်းများ စီစစ်နိုင်ရန်အတွက် စက်မှုနှင့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်နှင့် စံချိန်စံညွှန်း ထောက်ခံချက်များကို ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စံပြုလုပ်ထုံးနှင့် လုပ်ငန်းလမ်းညွှန်ဆိုင်ရာ ကိစ္စများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့် မြို့ပြလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP) ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိရောက်စွာ ကာကွယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ မူဝါဒများ၊ အမျိုးသားအဆင့် ပလတ်စတစ် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (၂၀၂၆–၂၀၃၅) နှင့်အညီ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်များသုံးစွဲမှုလျှော့ချရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် ပလတ်စတစ်အစားထိုးပစ္စည်းများ ပိုမိုအသုံးပြုလာစေရေး အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်းဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်ညှိနှိုင်းပူးပေါင်း၍ အဆင့်လိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကိုရုပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ရေချွေတာသုံးစွဲရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရေးစခန်းနှင့်စာတိုက်စခန်းများ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်သည် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံးအစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၇ ရက်တွင် ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းများလက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားကာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေးစက်ခန်းများနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏မန္တလေးစာတိုက်ကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရတနာပုံဆိုက်ဘာစီးတီး သို့သွားရောက်၍ တာဝန်ရှိသူများက ရတနာပုံဆိုက်ဘာစီးတီးဇရိယာအတွင်း အခြေခံအဆောက်အဦများ တည်ဆောက်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းတင်ပြကြရာ စီမံကိန်း၏ မူလရည်မှန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေးမှာကြားသည်။ ထို့နောက် ရတနာပုံဆိုက်ဘာစီးတီးအတွင်းရှိ အခြေခံအဆောက်အဦများနှင့် စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ကြီးတံခွန်ဆက်သွယ်ရေးစခန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏ စာရွေးစာပို့စခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**



မုဒုံမြို့ အထက(၁) နှင့် မော်လမြိုင်မြို့ အထက (၁၀)တို့၌ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မုဒုံမြို့ မြို့မ(၁)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည်မွန်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများနှင့် အတူသွားရောက်၍ ကျောင်းခန်းမအတွင်း၌ အသက် ၁၀ နှစ် ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများကို ငါးဦးကော်မတီစိစစ်မှု၊ ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားစစ်ဆေးပေးနေမှု၊ မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားကတ်ပြားထုတ်ပေးရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID နံပါတ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်တို့ကို ကာယကံရှင်ကျောင်းသား၊ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများကိုမြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်၍ ကျောင်းသား၊ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်တို့ကို ကာယကံရှင် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းထံပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်၍ ကျောင်းသား၊ ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေဖိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူပိုင်စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချအမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၁-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံ၏ အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲယုံသာမက ပြည်သူ့အကျိုးစီးပွားထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၃ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်စွယ်တော်မြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်တော်မူသည့် ဝရဒါဠာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်ကြီး၏ (၃၁)ကြိမ်မြောက်ဗုဒ္ဓပူဇနိယဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၆ နာရီတွင် အရုဏ်ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကာ မုဒြဘုရားကိုးဆူအား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးခုနှစ်ပါးက စေတီတော်ကြီးကို ဗုဒ္ဓဘိသေကအနေကဇာတင်ပူဇော်ကြမည်ဖြစ်သည်။ ယင်းနောက် ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူကြည်ညိုခြင်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပြီး ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

● **EV(Electric Vehicle)**

အထူးပြုစက်မှုပညာရှင်များ၊ EV အားသွင်းစခန်းတပ်ဆင်ရေးပညာရှင်များ၊ EVမော်တော်ကားထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းပညာရှင်များ ဖြစ်အောင်ကြိုးစားကြရန် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ဖွင့်လှစ်သည့် EV(Electric Vehicle) နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက တိုက်တွန်းပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက အမှာစကားပြောကြားပြီး ECO LOOP ဥက္ကဋ္ဌ ဦးစိုးဇေယျာဝင်းက EV(Electric Vehicle) နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်ပွဲတွင် ပြသထားသည့် နည်းပညာနှင့်ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများကိုကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို လူငယ်များအနေဖြင့်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိစေရန်၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တို့ ဆက်စပ်မှုပိုမိုအားကောင်းလာစေရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများမှ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ နိုဝင်ဘာလ ၂၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **မြဝတီ**


ဘုံပိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ကမ္ဘာ့သစ်တောများနှင့် မြန်မာ့သစ်တောများအကြောင်း တစေ့တစောင်း

ဒေါက်တာသောင်းနိုင်ဦး

ကမ္ဘာ့သစ်တောသယံဇာတများ

သစ်တောများသည် ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (2030 Agenda for Sustainable Development) ၏ အဓိကအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့သစ်တောများ၏ လက်ရှိအခြေအနေ၊ အချိန်နှင့်အမျှပြောင်းလဲလာမှုများနှင့်



ယင်းပြောင်းလဲမှု၏ လမ်းကြောင်းများကို နားလည်သိရှိခြင်းသည် ရေရှည်တည်တံ့သောမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ မူဝါဒနှင့်ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်အကဲဖြတ်ခြင်း၊ သစ်တောမှပုံပိုးပေးလျက်ရှိသော သစ်တောထွက်ပစ္စည်းများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ရေရှည်ထိန်းသိမ်းပေးနိုင်ခြင်းတို့အတွက် အလွန်အရေးကြီးသည်။

ကမ္ဘာ့သစ်တောများ၏ အခြေအနေနှင့် ပတ်သက်ပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်တွင် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment 2025 – GFRA 2025) အစီရင်ခံစာကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် “ကမ္ဘာ့သစ်တောများ၏အခြေအနေ ၂၀၂၆” (State of the World’s Forests 2026 – SOFO 2026) အစီရင်ခံစာကိုလည်းကောင်း ထုတ်ဝေခဲ့သည်။


GFRA 2025 အစီရင်ခံစာတွင် အဓိကအားဖြင့် သစ်တောဧရိယာနှင့် သစ်တောဧရိယာပြောင်းလဲမှုများ၊ သစ်တော၏ ဖွဲ့စည်းပုံနှင့် အခြေအနေဆိုင်ရာလက္ခဏာများ၊ ဇီဝဒြပ်ထု (Biomass) နှင့် ကာဗွန်အရင်းအမြစ်များ၊ သစ်တောဆိုင်ရာမူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းချက်များ၊ သစ်တောဧရိယာသတ်မှတ်အသုံးပြုမှုနှင့် သစ်တောစီမံခန့်ခွဲမှု၊ သစ်တောပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲပိုင်ခွင့်များ၊ သစ်တောများအပေါ် သက်ရောက်သည့်အနှောင့်အယှက်များနှင့် ပျက်စီးဆုံးရှုံးမှုများ၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် အခြားဆက်စပ်အကြောင်းအရာများပါဝင်သည်။

SOFO 2026 အစီရင်ခံစာတွင် ကမ္ဘာ့သစ်တောများနှင့် ပတ်သက်ပြီး နောက်ဆုံးရသတင်းအချက်အလက်များ၊ မူဝါဒအပြောင်းအလဲများ၊ လူသားများနှင့် သစ်တောဂေဟစနစ်များအကြားရှိ လူမှုစီးပွားရေးဆိုင်ရာ ဆက်စပ်မှုများကို လေ့လာတင်ပြပြီး သစ်တောကဏ္ဍနှင့် အခြားကဏ္ဍများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကိုဖြင့်တင်ရန် ရည်ရွယ်ပြုစုထားသည့် အစီရင်ခံစာလည်း ဖြစ်သည်။

ကမ္ဘာ့သစ်တောအခြေအနေကို ဖော်ညွှန်းနေသော အဓိကကိန်းဂဏန်းများ

အစီရင်ခံစာများအရ ကမ္ဘာ့သစ်တော အခြေအနေကို ဖော်ပြနေသော အဓိက အချက်အလက်များကို အောက်ဖော်ပြပါ အတိုင်းတွေ့ရှိရပါသည်။

- ကမ္ဘာ့သစ်တောဧရိယာမှာ ဟက်တာ ၄ ဒသမ ၁၄ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့မြေမျက်နှာပြင်၏၃၂ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းထားသည်။ အပူပိုင်းသစ်တောများသည် ကမ္ဘာ့သစ်တောဧရိယာ၏ ၄၅ ရာခိုင်နှုန်းခန့်ရှိသည်။
- ကာကွယ်ထားသော သစ်တောဧရိယာသည် ဟက်တာ ၈၁၃ သန်းခန့်ရှိပြီး စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်



သော သစ်တောဧရိယာသည်ဟက်တာ ၂ ဒသမ ၁၃ ဘီလီယံခန့်ရှိသည်။
- ကမ္ဘာတစ်ဝန်း သစ်တောပြုန်းတီးမှုအား ကာလအလိုက်လေ့လာပါက ၁၉၉၀–၂၀၀၀ ပြည့်နှစ်အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှု ပမာဏမှာ ဟက်တာ ၁၇ ဒသမ ၆ သန်း၊ ၂၀၀၀–၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ်ဟက်တာ ၁၃ ဒသမ ၆ သန်းနှင့် ၂၀၁၅–၂၀၂၅ ခုနှစ်အတွင်း နှစ်စဉ် ဟက်တာ ၁၀ ဒသမ ၉ သန်း ပြုန်းတီးခဲ့သည်။
- သဘာဝအလျောက်ပြန်လည်ဖြစ်ထွန်းသော သစ်တောဧရိယာသည်ဟက်တာ ၃ ဒသမ ၈၃ ဘီလီယံရှိပြီး မူလသစ်တောများ (Primary forest) ဧရိယာသည် ဟက်တာ ၁ ဒသမ ၁၈ ဘီလီယံရှိသည်။ သစ်တောစိုက်ခင်းများဧရိယာသည် ဟက်တာ ၃၁၂ သန်းခန့်ရှိသည်။
- ကမ္ဘာ့သစ်တောများ၏ သစ်သားပမာဏမှာ စုစုပေါင်း ၆၃၀ ဘီလီယံကုဗမီတာရှိပြီး သစ်တောဇီဝဒြပ်ထု (Biomass) ပမာဏ ၇၀၉ ဂစ်ဂါတန်(Gt) ရှိပြီး သစ်တောကာဗွန်သိုလှောင်မှုပမာဏ ၇၁၄ ဂစ်ဂါတန် (Gt)ရှိသည်။

အစီရင်ခံစာပါအချက်အလက်များအရ ကမ္ဘာ့သစ်တောပြုန်းတီးမှုနှုန်းသည် ကျဆင်းလာနေသော်လည်း သစ်တော ဆုံးရှုံးမှုသည် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သောကြောင့် သဘာဝသစ်တောများ ဆက်လက်ပြုန်းတီးမှုမရှိစေရေးထိန်းသိမ်းရန်သာမက အရည်အသွေးနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းရန် ပိုမို အရေးကြီးလာသည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံနီးပါးသည် စားရေရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် သစ်တောနှင့် သစ်ပင်များအပေါ် တစ်စိတ်တစ်ပိုင်း သို့မဟုတ် တိုက်ရိုက်မှီခိုနေကြသည်။ ထို့ကြောင့် **“သစ်ပင်အရေအတွက် များများစိုက် ပျိုးခြင်း” သာမက “သစ်တောများနှင့် မြေယာရှုခင်း တစ်ခုလုံး၏ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုတိုးပွားလာစေရေး၊ လူမှုစီးပွားဘဝ ပြန်လည်တိုးတက်ကောင်းမွန်စေရေး”** ကို လည်းအထူးအလေးပေးဆောင်ရွက်ကြရန် မီးမောင်းထိုးပြထားသည်။

သစ်တောနှင့် မြေယာရှုခင်း ပြန်လည်ထူထောင်ခြင်း

ယခုအခါ ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြဿနာများကို လျော့ပါးသက်သာစေရန်အတွက် သစ်ပင်များပြန်လည်စိုက်ပျိုးခြင်းသက်သက်ထက် သစ်တောမြေယာရှုခင်းပြန်လည်တည်ထောင်ခြင်း (Forest Landscape Restoration–FLR) နည်းလမ်းဖြင့် ဆောင်ရွက်လာကြသည်။

သစ်တောမြေယာရှုခင်းပြန်လည်တည်ထောင်ခြင်း (FLR) ဆိုသည်မှာ သစ်တောများပြုန်းတီးသွားသော နေရာကွက်လပ်များ၌သာမဟုတ်ဘဲ ကျယ်ပြန့်သည့်နေရာဒေသတစ်ခုလုံးတွင် ဂေဟစနစ်ဆိုင်ရာ ပြည့်စုံကောင်းမွန်မှုကို ပြန်လည်ရရှိစေရန်နှင့် လူသားတို့၏ လူနေမှုဘဝအရည်အသွေးကိုမြှင့်တင်ပေးနိုင်ရန်အတွက် စနစ်တကျစီစဉ်ထားသော သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ဂေဟစနစ်ဝန်ဆောင်မှုများတိုးပွားလာစေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်းမြှင့်တင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ သစ်တောများနှင့် မြေယာရှုခင်းပြန်လည်တည်ထောင်ခြင်းကို ကုလသမဂ္ဂဂေဟစနစ်ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (၂၀၂၁–၂၀၃၀)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၅ (SDG 15)၊ စဉ်ဆက်မပြတ် သစ်တောစီမံခန့်ခွဲမှုများအပါအဝင် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များနှင့်ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။




ကတိကဝတ်များမှသည် လက်တွေ့အကောင်အထည်ဖော်မှုဆီသို့

ကမ္ဘာ့နိုင်ငံများသည် သစ်တောနှင့် မြေယာပြန်လည်ထူထောင်ရေးအတွက် ရည်မှန်းချက်များနှင့် ကတိကဝတ်များစွာ ချမှတ်ထားကြသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်မှု အစီရင်ခံစာ (GFRA 2025) အချက်အလက်များအရ ကမ္ဘာ့သစ်တောဧရိယာ၏ ၆၉ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည့်နိုင်ငံနှင့် ဒေသ ၉၁ ခုသည် သစ်တောပြန်လည်ထူထောင်ရေးအတွက် ဧရိယာ ဟက်တာ ၁၉၀ သန်းကျော် ကတိပြုထားသည်။ သို့သော် အဆိုပါပမာဏအနက် ၅၅ နိုင်ငံနှင့် ဒေသများကသာ ၎င်းတို့၏ ကတိကဝတ်နှင့်ဆက်စပ်သည့်တိုင်းတာနိုင်သော တိုးတက်မှုများကို အစီရင်ခံနိုင်ခဲ့သည်။ အခြား ၃၆ နိုင်ငံနှင့် ဒေသများသည် စုစုပေါင်းဟက်တာ ၆၉ သန်းကျော်ကတိပြုထားသော်လည်း တိုင်းတာနိုင်သည့် တိုးတက်မှုကို တင်ပြနိုင်ခြင်းမရှိသည်ကို အစီရင်ခံစာတွင်ဖော်ပြထားသည်။ ကမ္ဘာ့နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် မြေဧရိယာဟက်တာ ၁ ဘီလီယံကျော်ကို ပြန်လည်ထူထောင်ရန်ကတိပြုထားကြသည်။ သို့သော် ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ထူထောင်ရေးရည်မှန်းချက်များပြည့်မီရန် အတွက် အနည်းဆုံးဧရိယာ ဟက်တာ ၄၇၀ သန်းကို လက်တွေ့ကျကျပြန်လည်ထူထောင်ရန် လိုအပ်လျက်ရှိသည်။

သစ်တောများနှင့်မြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုအကျိုးကျေးဇူးများ

SOFO 2026 အစီရင်ခံစာက သစ်တောများနှင့် မြေယာရှုခင်းပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်မဖော်ခြင်းအတွက် ဖြစ်လာနိုင်သည့်ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းစဉ်းစားရန် တိုက်တွန်းထားသည်။ ဥပမာ ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCCD)၏ ခန့်မှန်းချက်များအရ သဲကန္တာရဖြစ်ထွန်းမှု၊ မြေယာပျက်စီးမှုနှင့် မိုးခေါင်မှုတို့ကို လက်ရှိအတိုင်းဆက်လက်ရင်ဆိုင်နေရပါက နှစ်စဉ်စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးမှုကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၈၇၈ ဘီလီယံမှ ၆ ဒသမ ၃ ထရီလီယံအထိရှိနိုင်သည်ဟု ဆိုသည်။ အဆိုပါငွေကြေးပမာဏသည် ပြန် လည် ထူထောင် ရေးလုပ် ငန်းများတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်သောကုန်ကျစရိတ်ထက် များစွာပိုမိုလျက်ရှိသည်။ တစ်ချိန်တည်းတွင် ကမ္ဘာ့သစ်တောများပြန်လည်ထူထောင်ရေး ရည်မှန်းချက်များကို ၂၀၂၄–၂၀၃၅ ခုနှစ်ကာလအတွင်း အကောင်အထည်ဖော်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၁၁ ဘီလီယံမှ ၂ ဒသမ ၁ ထရီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံမှ ၁၉၀ ဘီလီယံခန့်ဖြစ်သည်။

အခြေအနေများအပေါ်မူတည်၍ သင့်တော်သောအခြေအနေများအောက်တွင် သစ်တောများနှင့် မြေယာရှုခင်းပြန်လည်တည်ထောင်ခြင်းဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ အကျိုးအမြတ်ထုတ်ဖော်ပေးနိုင်သည်ဟုဆိုသည်။ သစ်တောများနှင့် မြေယာရှုခင်းပြန်လည်တည်ထောင်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများသာမက ရေထိန်းသိမ်းမှု၊ ရေကြီးမှုနှင့် မြေဆီလွှာတိုက်စားမှု လျော့ချမှု၊ ကာဗွန်သိုလှောင်မှု၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှု၊ စိုက်ပျိုးရေးထုတ်လုပ်မှုတိုးတက်မှု၊ စားရေရိက္ခာဖူလုံမှု၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိမှု စသည့်ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ထို့ကြောင့် သစ်တောများနှင့်မြေယာရှုခင်းပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် ရန်ပုံငွေကြေးများကို ကုန်ကျစရိတ်တစ်ခု



အဖြစ်မမြင်ဘဲ အနာဂတ်ဆုံးရှုံးမှုများကို လျော့ချရန် ရင်းနှီးမြှုပ်နှံမှု (Investment) အဖြစ်ရှုမြင်ပြီး အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံကြရမည်ဖြစ်သည်။

စာမျက်နှာ ၁၃ သို့ ➧

▸ စာမျက်နှာ ၁၂ မှအဆက်


သစ်တောများနှင့် မြေယာရှုခင်းပြန်လည်တည်ထောင်ရေးအတွက် အဓိကကျသည့်နည်းလမ်းများ

SOFO 2026 အစီရင်ခံစာအရ အရည်အသွေးမြင့်မားသော သစ်တောနှင့်မြေယာရှုခင်းဇရိယာ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အပြန်အလှန် အထောက်အကူပြုစေမည့် အောက်ဖော်ပြပါလမ်းကြောင်းလေးသွယ်မှတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ရန် အောက်ပါအတိုင်း တိုက်တွန်းထားပါသည် -

၁။ ပြည်သူလူထုအခြေပြုလမ်းကြောင်း။ ပြည်သူလူထုကို ဗဟိုပြုပြီး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုများမှတစ်ဆင့် အားလုံးပါဝင်နိုင်သော သစ်တောနှင့် ရှုခင်းဇရိယာပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်များဖော်ဆောင်ခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှု၊ အသိပညာမျှဝေမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊

၂။ မြေယာအခြေပြုလမ်းကြောင်း။ ဒေသအခြေအနေနှင့် ကိုက်ညီသောနည်းလမ်းများဖြင့် ဘက်စုံအကျိုးပြုမြေယာ ရှုခင်းဇရိယာများကိုဖော်ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ဇရိယာတစ်ခုချင်းစီကို သီးခြားစီမံခန့်ခွဲခြင်းထက် မြေယာရှုခင်းတစ်ခုလုံးကိုပေါင်းစပ်စီမံခြင်း၊

၃။ ဘဏ္ဍာရေးနှင့် စီးပွားရေးလမ်းကြောင်း။ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ



အကောင်အထည်ဖော်ဆောင်ရွက်မည့် ပမာဏနှင့် သဘောသဘာဝတို့နှင့် လိုက်လျောညီထွေရှိမည့် ဘဏ္ဍာရေးဆိုင်ရာများ စီစဉ်ဆောင်ရွက်ခြင်း၊ အစိုးရဘဏ္ဍာငွေ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု၊ အခကြေးငွေ၊ ကာဗွန်ရန်ပုံငွေနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာရန်ပုံငွေစသည့်နည်းလမ်းများကိုသင့်လျော်သလိုပေါင်းစပ်ဆောင်ရွက်ခြင်း၊

၄။ မူဝါဒနှင့် ဥပဒေဆိုင်ရာလမ်းကြောင်း။ သစ်တောပြန်လည်ပြုစုပျိုးထောင်ရေး၊ စိုက်ပျိုးရေး၊ ရေ၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးနှင့်သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ မူဝါဒများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေ

မြန်မာနိုင်ငံအတွက် GFRA 2025 အစီရင်ခံစာပြုစုရာတွင် နိုင်ငံတော်၏ ရန်ပုံငွေဖြင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၏ ကြိုးစားမှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုမှာ GFRA 2010 အစီရင်ခံစာအရ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ GFRA 2015 အရ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် GFRA 2020 အရ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းအသီးသီးရှိခဲ့သည်။ ယခု ၂၀၂၅ ခုနှစ် သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်းရလဒ်များအရ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုဇရိယာသည် နိုင်ငံစုစုပေါင်း ဇရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာဆန်းစစ်သိရှိရပါသည်။ သစ်တောပြန်းတီးမှုနှုန်းအနေဖြင့် ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း နှစ်စဉ်သစ်တောပြန်းတီးမှုနှုန်းမှာ သုည ဒသမ ၉၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်းတွင် နှစ်စဉ်သစ်တောပြန်းတီးမှုနှုန်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်းအထိကျဆင်းခဲ့သည်။ အဆိုပါဆန်းစစ်လေ့လာချက်များအရ မြန်မာနိုင်ငံအနေဖြင့် သစ်တောပြုန်းတီးမှု များရှိနေသေးသော်လည်း နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းမှာ ယခင်ကာလများထက်သိသိသာသာလျော့နည်းလာကြောင်းတွေ့ရှိရသည်။ သစ်တောပြုန်းတီးမှုသည် ဆက်လက်ရှိနေဆဲဖြစ်သဖြင့် သစ်တောပြုန်းတီးမှုကိုရပ်တန့်ပြီး သစ်တောများပြန်လည်တိုးပွားစေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စနစ်တကျကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောဖုံးလွှမ်းမှုတိုးစေဖို့ အရှိန်အဟုန်မြှင့်တင်ထိန်းသိမ်းစို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုလျော့ချရေးနှင့် သစ်တောများထာဝစဉ်တည်တံ့စေရေးအတွက်မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၆-၂၀၁၇ မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ထိ) အပါအဝင် ဂေဟစနစ်အမျိုးမျိုးတွင် နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ လက်ရှိသစ်တောဖုံးလွှမ်းမှုဇရိယာသည် ဇရိယာဧက ၇၀ ဒသမ ၄၇ သန်း



(၄၂ ဒသမ ၁၅ ရာခိုင်နှုန်း)ဖြစ်သဖြင့် သစ်တောဖုံးလွှမ်းမှုကို ၅၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဇရိယာ ဧက ၁၃ ဒသမ ၁၀ သန်း (၇ ဒသမ ၈၅ ရာခိုင်နှုန်း)ကို သစ်တောဖုံးလွှမ်းသောဇရိယာအဖြစ် ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အောက်ဖော်ပြပါအဓိကနည်းလမ်း ၁၀ ခုကို ဦးစားပေးလုပ်ငန်းများအဖြစ်သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး မြန်မာ့သစ်တောသယံဇာတများ ရေရှည်တည်တံ့နေမည်ဖြစ်ပါသည်။

(၁) သစ်တောပြုန်းတီးမှုကိုရပ်တန့်ပြီး အသားတင်ဆုံးရှုံးမှု (Net Loss of Forest Area) မရှိစေရေး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(၂) အမြဲတမ်း သစ်တောနယ်မြေ (Permanent Forest Estate-PEF) အတွင်းရှိ တောနိမ့်ဇရိယာ ဧက ၁၄ ဒသမ ၅၂ သန်းကိုသစ်တောဖုံးလွှမ်းမှု ၁၀ ရာခိုင်နှုန်းနှင့်အထက်ရှိရွက်အုပ်ပွင့်တောများ အဆင့်သို့ တိုးမြှင့်ရောက်ရှိလာစေရေးသဘာဝတောကျန်များ ထိန်းသိမ်းခြင်းနှင့် သစ်တောများပြန်လည်တည်ထောင်ခြင်း၊

(၃) အမြဲတမ်းသစ်တောနယ်မြေ (PEF) အတွင်းရှိရွက်အုပ်ပွင့်တော ဇရိယာ ဧက ၁၇ ဒသမ ၉၈ သန်းအား လက်ရှိအခြေအနေမှ တောနိမ့်အဖြစ် လျော့ကျပြောင်းလဲမသွားစေရန် ထိရောက်စွာကာကွယ်ထိန်းသိမ်းခြင်း၊

(၄) အမြဲတမ်းသစ်တောနယ်မြေ (PEF) အတွင်းရှိရွက်အုပ်ပိတ်တော ဇရိယာ ဧက ၁၃ ဒသမ ၅၃ သန်း၏ ရွက်အုပ်ဖုံးလွှမ်းမှုကို တည်မြဲနေစေရန်အထူးအလေးထားကာကွယ်ထိန်းသိမ်းခြင်း၊

(၅) သစ်တောနယ်မြေပြင်ပရှိ ရွက်အုပ်ပိတ်တော ဇရိယာ ဧက ၁၄ ဒသမ ၇၄ သန်း၊ ရွက်အုပ်ပွင့်တော ဇရိယာ ဧက ၂၂ ဒသမ ၉၁ သန်း၊ စုစုပေါင်း သစ်တောဇရိယာ ဧက ၃၇ ဒသမ ၆၅ သန်းအား ဥပဒေနှင့်အညီ စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်ရန် အတွက်ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများဖွဲ့စည်းနိုင်ရေး ဘဏ္ဍာရေးနှစ်အလိုက် လျာထားပြီး အချိန်ဇယားရေးဆွဲဆောင်ရွက်ခြင်း၊

(၆) သစ်တောနယ်မြေပြင်ပရှိတောနိမ့် ဇရိယာ ၃၃ ဒသမ ၆၃ သန်းအနက် ဧက ၁၀ သန်းတွင် သစ်တောမြေယာ ရှုခင်း ပြန်လည်တည်ထောင်ခြင်း (FLR) နည်းလမ်းအပါအဝင် နည်းလမ်းမျိုးစုံဖြင့် စိမ်းလန်းမြေများဖြစ်ပေါ်လာစေရေးအတွက် နှစ်စဉ်လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၇) ခရိုင်သစ်တောစီမံအုပ်ချုပ်မှုစီမံကိန်းပါ အလုပ်တိုက်နယ်များနှင့်သစ်တော



မြေများတွင် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းသာမက သစ်တောမြေပြင်ပတွင်လည်း သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကို အားပေးကူညီခြင်း၊

(၈) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းလုပ်ငန်းများနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးပွားလာစေရန် ဆောင်ရွက်ခြင်း၊

(၉) သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်တောအခြေပြု ဇီဝစီးပွားရေးလုပ်ငန်းများ (Bioeconomy)ဖွံ့ဖြိုးရန်ဆောင်ရွက်ခြင်း၊

(၁၀) အမျိုးသားအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် (National Forest Monitoring System)ကို ပိုမိုခိုင်မာစေရန်နှင့် ခေတ်မီစေရန် အဆင့်မြှင့်တင်ခြင်း။

ကိုးကား

Food and Agriculture Organization of the United Nations (FAO), 2025. Global Forest Resources Assessment 2025: Key Findings. FAO.

Food and Agriculture Organization of the United Nations (FAO). 2026. The State of the World's Forests 2026 – Restoring forests and landscapes: The way forward for a sustainable future. Rome.

သဘာဝဘေးအန္တရာယ်နှင့် အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

သဲကုန်း နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာလ ၉ ရက်တွင် သဲကုန်းမြို့နယ် မူလတန်းကြိုကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ ရေဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ မုန်တိုင်းဘေး ကျရောက်ပါက ကာကွယ်ရေးနည်းလမ်းများနှင့် ကြိုတင်ပြင်ဆင်နိုင်မှုအကြောင်းအရာများ၊ အယ်လ်နီညို အန္တရာယ်နှင့် ပတ်သက်သော အကြောင်းအရာများ၊ ကာကွယ်နိုင်သောနည်းလမ်းများကို အသိပညာပေးဟောပြောပြီး အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝဘေးအန္တရာယ်နှင့်အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ကိုကျော် (သဲကုန်း)**

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)

၁၃၈၈ ခုနှစ်၊ လ၊ ရက်

(၂၀၂၆ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေအောက်ရေ** ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာအတွင်းတည်ရှိသော ရေကိုဆိုသည်။ ယင်းစကားရပ်တွင် မြစ်၊ ချောင်း၊ ကန် စသည်တို့၏ ရေအောက်ကြမ်းပြင်အောက်ရှိ ရေအောင်းလွှာအတွင်းတည်ရှိသော ရေနှင့်နယ်စပ်ဖြတ်ကျော် **မြေအောက်**ရေအောင်းလွှာအတွင်း တည်ရှိသောရေလည်းပါဝင်သည်။

(ခ) **မြေအောက်ရေထုတ်ယူသုံးစွဲခြင်း** ဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍သော်လည်းကောင်း၊ သဘာဝအလျောက် ရေလျှံထွက်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့်သော်လည်းကောင်း ထုတ်ယူသုံးစွဲခြင်းကိုဆိုသည်။

(ဂ) **မြေအောက်ရေစီမံခန့်ခွဲမှု** ဆိုသည်မှာ မြေအောက်ရေအောင်းလွှာဇုန်စီမံခန့်ခွဲခြင်း (Groundwater zone management)၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကိုဆိုသည်။

(ဃ) **မြေအောက်ရေထိန်းသိမ်းခြင်း** ဆိုသည်မှာ မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ်တည်တံ့စေမှုတို့အား ထိန်းသိမ်းကာကွယ်ခြင်းကိုဆိုသည်။

(င) **စက်ရေတွင်း** ဆိုသည်မှာ မြေအောက်ရေကိုပိုက်ချ၍ ထုတ်ယူသော ရေတွင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံး ရေအောင်းလွှာအတွင်း တည်ရှိသောရေကို ထုတ်ယူသည့် လက်တူးတွင်းတိမ်များမပါဝင်။

(စ) **ရေလျှံဇုန်** ဆိုသည်မှာ ဗဟိုကော်မတီက သတ်မှတ်ထားသည့် သဘာဝအလျောက် ရေလျှံတွင်းများတူးဖော်ရရှိနိုင်သော ဇရိယာကိုဆိုသည်။

(ဆ) **မြေအောက်ရေအောင်းလွှာဇုန်** ဆိုသည်မှာ မြေအောက်ရေခိုအောင်းရာသဲလွှာ သို့မဟုတ် စရစ်ဖြုန်းကျောက်လွှာတို့ အနက်ပေအလိုက် ပျံ့နှံ့တည်ရှိသည့်တစ်ဆက်တစ်စပ်တည်း နယ်မြေဒေသ (Groundwater Basin) ကိုဆိုသည်။

(ဇ) **မြေအောက်တမံ** ဆိုသည်မှာ ရွှေ့လျားစီးဆင်းနေသည့် မြေအောက်ရေအား ရယူအသုံးပြုနိုင်ရန် မြေမျက်နှာပြင်အောက်တွင် တည်ဆောက်သောတမံ (Subsurface Dam) ကိုဆိုသည်။

(ဈ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေး ဗဟိုကော်မတီကိုဆိုသည်။

(ည) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် မြို့နယ်မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ကိုဆိုသည်။

(ဋ) **မြေအောက်ရေအရည်အသွေး**ဆိုသည်မှာ မြေအောက်ရေ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ဓာတုပိုင်းဆိုင်ရာအရည်အသွေး၊ အဏုဇီဝဆိုင်ရာအရည်အသွေး၊ ပိုးမွှားဗေဒဆိုင်ရာအရည်အသွေး၊ ရေဒီယိုဓာတ်သတ္တိဆိုင်ရာ အရည်အသွေးကိုဆိုသည်။

(ဌ) **တူးဖော်ခွင့်ပြုမိန့်** ဆိုသည်မှာ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရန်သက်ဆိုင်ရာလုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခွင့်ပြုသည့် အမိန့်ကိုဆိုသည်။

(ဍ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ မြေအောက်ရေထုတ်ယူရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခြင်းဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းလိုင်စင်ကိုဆိုသည်။

(ဎ) **သုံးစွဲခွင့်ပြုမိန့်** ဆိုသည်မှာ တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှထွက်ရှိသည့် မြေအောက်ရေ၏ အရည်အသွေးကိုစစ်ဆေးပြီးနောက် အိမ်သုံးအတွက်ဖြစ်စေ၊ စိုက်ပျိုးမွေးမြူရေးအပါအဝင်စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့က ထုတ်ပေးသော ခွင့်ပြုသည့်အမိန့်ကိုဆိုသည်။

(ဏ) **အိမ်သုံးဆိုသည်မှာ** တွင်းဝအချင်း ၂ လက်မထက်မပိုသော စက်ရေတွင်းမှ ရေကိုအိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်းကိုဆိုသည်။

(တ) **လုပ်ငန်းသုံးဆိုသည်မှာ** စက်ရေတွင်းမှရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းကိုPဆိုသည်။

(ထ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုဆိုသည်။

(ဓ) **ဦးစီးဌာန**ဆိုသည်မှာ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် ဦးစီးဌာနကိုဆိုသည်။

အခန်း(၂)

ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည်-

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁)	ပြည်ထောင်စုဝန်ကြီးဌာနသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယဝန်ကြီးသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(၃)	ဒုတိယဝန်ကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(၄)	ဒုတိယဝန်ကြီးနယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ဒုတိယဝန်ကြီးကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ဒုတိယဝန်ကြီးဆောက်လုပ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	နေပြည်တော်ကောင်စီဝင်နေပြည်တော်ကောင်စီ	အဖွဲ့ဝင်
(၈)	ညွှန်ကြားရေးမှူးချုပ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၉)	ညွှန်ကြားရေးမှူးချုပ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၀)	ညွှန်ကြားရေးမှူးချုပ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၁)	ညွှန်ကြားရေးမှူးချုပ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၂)	ညွှန်ကြားရေးမှူးချုပ်စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၃)	ညွှန်ကြားရေးမှူးချုပ်ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန	အတွင်းရေးမှူး
(၁၄)	ညွှန်ကြားရေးမှူးချုပ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များစုဆောင်းခြင်းဆိုင်ရာ ဗဟိုဌာန (Database Centre) တစ်ခုထူထောင်ပြီး အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ်ထားရှိခြင်း၊ ဦးစီးဌာနမှတစ်ဆင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်အား သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ **ဆက်လက်ဖော်ပြပါမည်။**

အခန်း (၃)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားအဆင့် ရေမူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) မြေအောက်ရေကို သက်ရှိလောကအတွက်အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

(ဃ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှုအန္တရာယ်ကြုံတွေ့ကာကွယ်ရန်၊

(င) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ်တည်တံ့စေမှုတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(စ) ကျန်းမာရေးနှင့်ညီညွတ်ပြီး ကောင်းမွန်သောရေအရင်းအမြစ်မှ သန့်ရှင်းသည့် သောက်ရေ၊ သုံးရေကို ပြည်သူများထုတ်ယူသုံးစွဲနိုင်စေရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလိုပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဇ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရန်။

သုတေသနနှင့်သင်ကြားရေးသည် သီးခြားစီမဖြစ်ဘဲချိတ်ဆက်နေရမည်ဖြစ်ပြီး ဆရာ၊ ဆရာမများ၏သုတေသန စာတမ်းများသည် မိမိတို့သင်ကြားနေသောဘာသာရပ်များနှင့်ဆက်စပ်မှုရှိစေရေး ပေါင်းစပ်ဆောင်ရွက်ရန်အရေးကြီး

နေပြည်တော် နိုဝင်ဘာ ၉

သုတေသနနှင့် သင်ကြားရေးသည် သီးခြားစီမဖြစ်ဘဲ ချိတ်ဆက်နေရမည်ဖြစ်ပြီး ဆရာ၊ ဆရာမများ၏သုတေသနစာတမ်းများသည် မိမိတို့သင်ကြားနေသောဘာသာရပ်များနှင့် ဆက်စပ်မှုရှိစေရေး ပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည့် Naypyitaw State Academy စတင်တည်ထောင်သည့် (၄)နှစ်ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy သည် နေပြည်တော်၏ တက္ကသိုလ်တစ်ခုဖြစ်ပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကဲ့သို့ပင် ဦးဆောင်ဦးရွက်ပြုရမည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် စတင်တည်ထောင်စဉ်က အဆောက်အအုံအနည်းငယ်သာရှိခဲ့သော်လည်း ယခုအခါ တက္ကသိုလ်၏အဂၤါရုပ်များနှင့်အညီ ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ခေတ်မီအားကစားရုံနှင့် အားကစားပစ္စည်းများ ပါဝင်သည့်အပန်းဖြေရိပ်သာ(Recreation Center)ကိုဖွင့်လှစ်နိုင်ခဲ့ပြီး လေ့ကျင့်မည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိရေးကြိုးစားကြရန်လိုအပ်ပါကြောင်း၊ ဆရာ၊ဆရာမများအနေဖြင့်ပညာရပ်ပိုင်းဆိုင်ရာနှင့် သုတေသနများတွင်ပါ ထူးချွန်ထက်မြက်ရန်လိုအပ်ပါကြောင်း၊ သုတေသနလုပ်ငန်းသည် ဆရာ၊ ဆရာမများအတွက် အမြဲတမ်းဆောင်ရွက်ရမည့်လုပ်ငန်းပင်ဖြစ်သဖြင့် မိမိတို့ပြုလုပ်သည့် သုတေသန စာတမ်းများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုသည့်သုတေသနများဖြစ်ရန် လိုအပ်ပါကြောင်းပြောကြားသည်။



ထို့ပြင် Naypyitaw State Academy ပါမောက္ခချုပ်က စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သုတေသနစာတမ်းရှင်များက သုတေသနစာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

ယနေ့ကျင်းပသည့် Naypyitaw State Academy စတင်တည်ထောင်သည့် (၄)နှစ်ပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားတွင် အထူးပြုဘာသာရပ် ၁၄ ခုမှ ကျောင်းသား၊ ကျောင်းသူများ၏ Project စာတမ်း ၁၁ ခုနှင့် ဆရာ၊ ဆရာမများ၏ သုတေသနစာတမ်း ၁၁ စောင် စုစုပေါင်း စာတမ်း ၂၂ စောင်ကို ဖတ်ကြားတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြဝတီ

မြန်မာ-အိန္ဒိယ အသေးစားဖွံ့ဖြိုးမှုစီမံကိန်းအရ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှစ်ခုတို့၏ လုပ်ငန်းများလွှဲပြောင်းပေးအပ်



ရန်ကုန် နိုဝင်ဘာ ၉

အမျိုးသမီးရေးရာဝန်ကြီးဌာနမှ မြန်မာ-အိန္ဒိယ အသေးစားဖွံ့ဖြိုးမှုစီမံကိန်း (Small Development Project-SDP)အရ ဆောင်ရွက်လျက်ရှိသည့် Upgrading Existing School for Home Science, Bahan Township, Yangon နှင့် Supply of Machinery and Equipment to 11 Home Science Schools စီမံကိန်းနှစ်ခုတို့၏လုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အိန္ဒိယနိုင်ငံအစိုးရ၏ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည့် ပထမစီမံကိန်းသည် "ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လက်ရှိအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းဖြစ်ပြီး သင်တန်းအဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊ ရှိပြီးသား အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အဝီစိတွင်းတူးဖော်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ၊ ပရိဘောဂများ ပံ့ပိုးပေးခြင်းတို့ပါဝင်ပြီး သင်ကြားရေးနှင့်သင်ယူရေး ပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဒုတိယစီမံကိန်းဖြစ်သည့် "အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်းသို့ စက်ပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းစီမံကိန်း"အရ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံ၊ ထားဝယ်နှင့် ဟားခါးမြို့တို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်းသို့ ဆိုလာလျှပ်စစ်စနစ်များ၊ အပ်ချုပ်စက်များ၊ ကြယ်သီးပေါက်ဖောက်စက်များနှင့်ကြယ်သီးတပ်စက်များကို ပံ့ပိုးပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်ဖော်ပြလျက်ရှိပါကြောင်း၊ စီမံကိန်းနှစ်ခုစလုံးအတွက် နားလည်မှုစာချွန်လွှာ- MoU ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီး၍ လွှဲပြောင်းပေးအပ်နိုင်ခြင်းသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက် သွားမည့် ကတိကဝတ်များ၏ အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်းသို့ စက်ပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းစီမံကိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းနှစ်ခုတို့မှ သင်တန်းဆောင်သစ်ဆောက်လုပ်ခြင်း၊ အဆောက်အအုံများပြုပြင်မွမ်းမံခြင်း၊ အဝီစိတွင်းတူးဖော်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ၊ ပရိဘောဂများပံ့ပိုးပေးခဲ့ပါကြောင်း၊ အမျိုးသမီးများအတွက်သင်ထောက်ကူပစ္စည်းများ အသုံးပြုပြီး စွမ်းဆောင်ရည်များမြှင့်တင်နိုင်ခြင်း၊ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာသင်ကြားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုလက်လှမ်းမီရရှိစေရန်အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းနှစ်ခုတို့၏လုပ်ငန်းဆောင်ရွက်မှုဂုဏ်ပြု video မှတ်တမ်းပြသပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးအား စီမံကိန်းပစ္စည်းများ လွှဲပြောင်းပေးအပ်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလက်ဆောင်ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စီမံကိန်းလုပ်ငန်းနှစ်ခုအတွက် ကမ္ဘည်းမှတ်တမ်းအား နုံသာရည်ပက်ဖျန်းခြင်း၊ သင်တန်းဆောင်အသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် ပြုပြင်မွမ်းမံထားသည့် အဆောက်အအုံများသင်ထောက်ကူပစ္စည်းများအသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ မြဝတီ

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် KMA Group of Companies Ltd မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

ထားဝယ် နိုဝင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် KMA Group of Companies Ltd မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ KMA Group of Companies Ltd မှ တာဝန်ရှိသူများက ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တည် ဆောက် ရေးလုပ် ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ကော့သောင်းဒေသတွင် ကျွန်းပေါင်း ၁၁ ကျွန်းရှိပြီး ရေချို ခြောက်ကျွန်းရှိကြောင်း၊ ကျွန်းများရှိ ဟိုတယ်များတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွန်းများတွင် နေထိုင်သည့် ဆလုံလူမျိုးများကို အစိုးရအဖွဲ့အနေဖြင့် ကူညီစောင့်ရှောက် ဆောင် ရွက် ပေးလျက်ရှိကြောင်း၊ လူမျိုးစုမပျောက်ကွယ်စေရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်စေရေးနှင့် ပညာရေး၊ ကျန်းမာရေးများကိုလည်း ပြည့်စုံအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ KMA Group မှ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်သည့် အခါတွင် ၎င်းအချက်များကို အလေးအနက်ထားဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃˚c	/	၃၁˚c
ရန်ကုန်	၂၃˚c	/	၃၄˚c
မန္တလေး	၂၃˚c	/	၃၂˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုကြောင်း၊ မိမိသည် ဇေယျာသီရိမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ကြောင်း၊ မိမိကို ဇေယျာသီရိမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ကျေးဇူးတင်ရှိကြောင်း၊ လွှတ်တော်သည် မဲဆန္ဒနယ်အသီးသီးရှိပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့် ပါတီအသီးသီးမှပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်နေရာဖြစ်ကြောင်း ယခုလို ဆုံတွေ့စဉ် လွှတ်တော်၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်ကိစ္စရပ်များအား မျှဝေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်စသည်ဖြင့် မဏ္ဍိုင်ကြီး (၃) ရပ် ပေါ်ပေါက်လာပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၎င်းတို့၏ ကျင့်သုံးသည့် နိုင်ငံရေးစနစ်အပေါ်အခြေခံပြီး လွှတ်တော်တစ်ရပ်စနစ် သို့မဟုတ် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနေထိုင်ပြီး နိုင်ငံ၏အကျယ်အဝန်းမှာလည်း အလယ်အလတ်အဆင့်ရှိသဖြင့် ပြည်ထောင်စုအဆင့်တွင် လွှတ်တော်နှစ်ရပ်စနစ်နှင့် လွှတ်တော်တစ်ရပ်စီရှိကြကြောင်း၊ အဆိုပါလွှတ်တော်များသည် သီးခြားစီဆောင်ရွက်ကြရသော်လည်း လုပ်ငန်းတာဝန်များ တူညီကြကြောင်း၊ လွှတ်တော်များသည် ပြည်သူများအားလုံး ဥပဒေ၏အကာအကွယ်အောက်တွင် စိတ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက်တည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း စသည့်ဥပဒေပြုနိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မဏ္ဍိုင်ကြီး (၃)ရပ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်ကိုလည်းကောင်း၊ ဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက်လွှတ်တော်တွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်းတာဝန်ကိုလည်း လျော်ရှိကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်ယနေ့ပြည်သူများကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများနှင့်စပ်လျဉ်း၍ ကျူးလွန်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ မိမိတို့ လွှတ်တော်ကဆောင်ရွက်နေမှုများသည်ပြည်သူ့ကြောင့် ယနေ့လွှတ်တော်သို့ လာရောက်လေ့လာသည့်ပြည်သူများအနေဖြင့်လည်း လွှတ်တော်များ သည် ပြည်သူကို ကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့်နေရာဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်နေသည့်ကာလတွင် လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်စေရေးဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိတို့လွှတ်တော်၏ဆောင်ရွက်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာ၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း

ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ် (၂)ရန်ကုန်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၉

မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် အထူးကု ပြင်ပလူနာကုသမှု၊ အထူးကြပ်မတ်ကုသဆောင်နှင့် အတွင်းလူနာဆောင်များထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်း၊ သာယာလှပရေးနှင့် ဆေးကုသမှုအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရေးဆွေးနွေးမှာကြား၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြသည့် ပြည်သူများနှင့်တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆေးပညာဆိုင်ရာကျင့်ဝတ်များကို ကောင်းစွာလိုက်နာပြီး စိတ်ခံစားချက်ပိုင်းဆိုင်ရာ ဉာဏအစွမ်း (Emotional Quotient) တိုးတက်ကောင်းမွန်သော သမားကောင်းများ ဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းပြောကြားပြီး စာသင်ဆောင်များတွင်ကျောင်းသား၊ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေ၊ လက်တွေ့သင်ကြားရေးခန်းများ(Skill Lab)၊ စားသောက်ဆိုင် (Cafeteria)နှင့် သုံးထပ်ကျောင်းသားအိပ်ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်ကြားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးတက္ကသိုလ် (ရန်ကုန်)ရှိသင်ကြားရေးဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သုတေသနပို့စတာများ၊ စာသင်ဆောင်၊ သင်တန်းသားအိပ်ဆောင်နှင့် စားသောက်တန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ကျောင်းသူများ စာပေအေးချမ်းစွာသင်ကြားနိုင်ရေးအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် လက်တွေ့ခန်းသုံးပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားကာ အရည်အသွေးပြည့်ဝသော ဆေးဝါးပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးအတွက် သင်ကြားရေးအရည်အသွေးမြှင့်တင်မှုအစီအစဉ်များကို တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး ခုတင် ၁၁၀ ဆံ့ သုံးထပ်ကုသဆောင်သစ်နှင့် ဆေးကုသဆောင်များတွင် ကူးစက်ရောဂါကာကွယ်ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံကြီးအတွင်း အဆင့်မြင့်ဆေးကုသဆောင်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံလုံလောက်စွာထောက်ပံ့ပေးနိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

Grand Hlaing Thar Yar တန်ဖိုးသင့်အိမ်ရာ စီမံကိန်း ဖွင့်ပွဲ၊ အခန်းအပ်နှံခြင်း အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် MYANMAR ART COMPANY LIMITED တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် Grand Hlaing Thar Yar တန်ဖိုးသင့် အိမ်ရာစီမံကိန်း ဖွင့်ပွဲနှင့် အခန်းအပ်နှံခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား ပေါင်းကူးလမ်းရှိအဆိုပါဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး Myanmar Art Construction And Development Co.,Ltd. ၏ Managing Director ဦးကျော်စွာဟိန်းက စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်တို့က အိမ်ရာစီမံကိန်းတွင် နေရာချထားမည့် အခန်းပိုင်ရှင်များအား နေထိုင်ခွင့်လက်မှတ်များနှင့်အခန်းသော့များကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စည်ပင်သာယာရေးဝန်ကြီးနှင့် Myanmar Art Construction And Development Co.,Ltd ၏ Managing Director တို့က Grand Hlaing Thar Yar တန်ဖိုးသင့်အိမ်ရာစီမံကိန်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက Grand Hlaing Thar Yar တန်ဖိုးသင့်အိမ်ရာစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် သက်မွေးပညာသင်တန်းကျောင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှု၊ စိုက်ပျိုးရေး၊ MSME ကဏ္ဍများအတွက် လိုအပ်သည့်နည်းပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ သက်မွေးပညာသင်တန်းကျောင်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင် ကောလိပ်၊ သိပ္ပံများနှင့် Naypyitaw Polytechnic Institute တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုလက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာပညာရပ်နယ်ပယ်များတွင် ကျွမ်းကျင်တတ်မြောက်မှုရှိစေရန်နှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူကာ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များတွင် အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်းက နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍကို လက်တွေ့အသုံးချနိုင်သည့် ကျွမ်းကျင်မှုများအပေါ် အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဒေသတွင်းအလုပ်အကိုင်လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိစေရေး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ သင်တန်းများ၏ သင်ရိုးညွှန်းတမ်းနှင့်သင်ကြားလေ့ကျင့်မှုများသည် လုပ်ငန်းခွင်၏ လက်တွေ့လိုအပ်ချက်များနှင့်ကိုက်ညီမှုရှိစေရေး၊ လုပ်ငန်းခွင်၌ အမှန်တကယ်အသုံးချနိုင်သည့် ကျွမ်းကျင်မှုများရရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်မှု၊ ယင်းလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုများအဓိကကျမှု၊ ဘာသာရပ်နယ်ပယ်များတွင် သီအိုရီပိုင်းသာမက လက်တွေ့လုပ်ငန်းခွင်၌ အသုံးချနိုင်သည့် ကျွမ်းကျင်မှုများပါပြည့်ဝစေရေး၊ ခေတ်မီနည်းပညာများနှင့်အညီ မိမိတို့၏လက်တွေ့ကျွမ်းကျင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်လေ့လာဆောင်ရွက်ကြရန်လိုအပ်မှု အခြေအနေများကိုရှင်းလင်းပြီး ယခုအစည်းအဝေး၏ ဆွေးနွေးညှိနှိုင်းချက်များအပေါ်အခြေခံ၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ ကျောင်းအုပ်ကြီးများက မိမိတို့၏ သက်ဆိုင်ရာကျောင်းများတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ဒီဇင်ဘာလူထုလှုပ်ရှားမှုအားကစားလ အားကစားလှုပ်ရှားမှုများနှင့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပနိုင်ရေး အားကစားကွင်း၊ အားကစားရုံများကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၉

ဒီဇင်ဘာ လူထုလှုပ်ရှားမှုအားကစားလ အားကစားလှုပ်ရှားမှုများနှင့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန် အားကစားကွင်း၊ အားကစားရုံများကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်အားကစားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပျော်ဘွယ်မြို့နယ် အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်း၊ ပွဲကြည့်စင်နှင့် အုတ်တံတိုင်းကာရံထားမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မကြာမီကျင်းပမည့် ဒီဇင်ဘာလူထုလှုပ်ရှားမှု အားကစားလ အားကစားလှုပ်ရှားမှုများနှင့်(၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြည်စေရေးနှင့် အားကစားကွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ မျိုးဆက်သစ်ဘောလုံးအားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်း၊ အားကစားနည်းအလိုက် အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းများ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစား ဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပျော်ဘွယ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှဝန်ထမ်းများအား တွေ့ဆုံပြီး မြို့နယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစား ဆပ်ကော်မတီနှင့်အဖွဲ့တို့အား အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ဝန်ထမ်းများသက်သာချောင်ချိရေး ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် ရမည်းသင်းခရိုင်အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းဘတ်ဂျက်ဖြင့် တည်ဆောက်လျက်ရှိသည့် ရမည်းသင်းခရိုင် အားကစားကွင်းအတွင်း အမိုးပါ ရိုးရိုးတန်းပွဲကြည့်စင် ပေ(၄၀ x ၂၅) RC တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အားကစား ဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများအား အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ်အားကစားကွင်းသို့သွားရောက်၍ ဘောလုံးအားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အားကစားဆပ်ကော်မတီဝင်များနှင့် တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလ ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

ↄ ရှေ့ဖုံးမှအဆက်

စီမံခန့်ခွဲရေးဦးစီးဌာနရုံးအဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများပုံမှန်လည်ပတ်ဆောင်ရွက်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည်ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖလမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖလမ်းမြို့ရှိ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ယခင်မြို့ အခြေအနေသို့အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားပြီး ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များက မိတ်ဆက်အမှာစကားများပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး လိုအပ်ချက်များအား တင်ပြရာတွင် ဒုတိယဝန်ကြီးက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဘာသာရေးကျောင်းများအတွက် အလှူငွေများ ပေးအပ်ကာ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အားတက်သရော ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် ဝမ်းသာအားရဖြစ်မိကြောင်း၊ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးစင်တာ(ဖလမ်း)၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ်သည် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသဖြစ်သည့်အတွက် တောင်သူများအဓိကကျကြောင်း၊ စိုက်ပျိုးထားသည့် သီးနှံများနှင့်ပတ်သက်၍ နည်းပညာလိုအပ်ချက်များကို စိုက်ပျိုးရေးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားကာ ပြည်နယ်ဝန်ကြီးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးတို့က အမှာစကားများပြောကြား၍ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ဒေသခံတောင်သူများအား မျိုးစေ့များ ပေးအပ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေးဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံများအား အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့ အထိဖဝရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံ တစ်လုံးအား ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄၇ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၁၀ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၀ လုံးကို လည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။









မဝင်အဆောက်အအုံများ၌ အွန်လိုင်းလောင်းကစားမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့ အထိဖဝရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့ အထိဖဝရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

■ **ကျောဖုံးမှအဆက်**


အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျောသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီ ခန့်တွင် ကျောသီးမြို့နယ်၊ နောင်ပူးကျေးရွာ၏ တောင်ဘက်မိတာ ၂၅၀၀ ခန့်အကွာ၌အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ၄၀ ပေ အနံ ၂၀ ပေရှိ ယာယီလူနေတဲ ၂ လုံး၊ အလျား ၄၀ ပေ အနံ ၃၀ ပေရှိ ယာယီအလုပ်ရုံ ၁ လုံး၊ ပေ ၂၀ ပတ်လည်ရှိ ယာယီစားချက်ဆောင် ၁ လုံး၊ ပေ၃၀ ပတ်လည်ရှိ ရေကန် ၁ ကန်၊ မီးစက် ၁ လုံး၊ FREEZER ၁ လုံး၊ ပန်ကာရှည် ၂ လုံး၊ ROUTER ၆ လုံး၊ ALL IN ONE COMPUTER ၂ လုံး၊ STARLINK ၂ ခု၊ ဖုန်းမျိုးစုံ ၄၀ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၄၀ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့်ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျောသီးမြို့နယ်၊ နောင်ပူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့်လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြမြေပုံ။





သိမ်းဆည်းရမိ မီးစက်ကိုတွေ့ရစဉ်။



သိမ်းဆည်းရမိ ယာယီအလုပ်ရုံမိုးကာတဲကို တွေ့ရစဉ်။



သိမ်းဆည်းရမိ ယာယီလူနေမိုးကာတဲကို တွေ့ရစဉ်။

ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



ဘားအံ နိုဝင်ဘာ ၉

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရွေနတ်ကျွန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခိုင်သဇင်ညိုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရွေနတ်ကျွန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခိုင်သဇင်ညိုက လုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ရွေနတ်ကျွန်းကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၃၇ သန်းဖြင့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် ရွေနတ်ကျွန်း ကျေးရွာရှိတောင်သူများ၏လယ်မြေ ၈က ၁၀၀ ကျော်အတွက် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိနန်းလေး

ချောက်မြို့နယ်၌ အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



ချောက် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အခြေခံပညာမူလတန်းကျောင်း(ရတနာအိုင့်)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုများမဖြစ်ပွားစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ နေရောင်ခြည်ပြင်းထန်ချိန်တွင် နေပူထဲသွားလာမှုကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်းနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးမထိခိုက်စေရန် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ လိုက်နာဆောင်ရွက်ရေးတို့အား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား အယ်လ်နီညို ကြိုတင်ကာကွယ်ရေးနှင့်အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်တို့ကိုပြသ၍ အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

ရေသယံဇာတတိုးပွားစေရေး၊ ငါးသယံဇာတများ မပြုန်းတီးစေရေး ငါးသားပေါက်များပေးအပ်

ဒေးဒရဲ နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် မြစ်ချောင်း၊ အင်းအိုင်များတွင် ရေသယံဇာတတိုးပွားစေရေးနှင့် ငါးသယံဇာတများ မပြုန်းတီးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုဖူလုံလာစေပြီး စားသုံးမှု မြင့်မားလာနိုင်ရေး အတွက် ရည်ရွယ်၍ (၃)နှစ်ကြေးတိုင်အင်း လုပ်ကိုင်ခွင့်ရ အင်းသားကြီးများအား မြစ်ချောင်း၊ အင်းအိုင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်များပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ခြင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးနှင့် ဦးချစ်မင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက (၂၀၂၆-၂၀၂၇) ခုနှစ်မှ (၂၀၂၈-၂၀၂၉) ခုနှစ်ထိ မြို့နယ်အတွင်းရှိ ကြေးတိုင်ရအင်း (၁၂)အင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်နိုင်ရေး အင်းလုပ်သားကြီးများ လက်ဝယ်သို့ ငါးတန် သားပေါက်ကောင်ရေ ၄၈၀၂၄၄ အား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **အေဇာလင်း**



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိကျေးရွာများနှင့် မြို့အနီးအနားဝန်းကျင်၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသည့် အာဆီယံသပြေပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုတွေ့ရစဉ်။

ကိုကိုမင်း(ပြန်/ဆက်)

MWD Variety Channel ၁၀-၁၁-၂၀၂၆(အင်္ဂါနေ့)

၁။	၀၉:၂၀	သိမှတ်ဖွယ်ရာသုတကမ္မာ
၂။	၁၁:၅၀	တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၃။	၁၄:၄၀	ဖတ်ပါ မှတ်ပါ လေ့လာပါ
၄။	၁၆:၂၀	ဥပဒေမှတ်စု

ပေါင်းစည်းထားတဲ့ စိတ်ရောင်စုံ

- **မြန်မာနိုင်ငံ တစ်နံတစ်လျား များပြားတဲ့ ရှေးဟောင်းအမွေ။ ဘိုးဘွားတွေ တည်ဆောက်သွား ထင်ရှားတည်နေ။ သူတို့ခေတ် တာဝန်ကျ ဆက်ကာလေထိန်းသိမ်းလို့။ မြန်မာ့ဂုဏ် အရှိန်အဝါတင့်အောင် လက်ဆင့်ကမ်းစို့။**
- **ဘုရားစေတီ ပုထိုးဂူကျောင်း နှစ်ပေါင်းက လွန်ကြာရှည်။ ဗီသုကာ လက်ရာအစွမ်း အံ့မခန်းပေ။ သာယာလွန်းတဲ့ အမိမြေ ရွှေနိုင်ငံ ခေါ်ဆိုကြ။ စိတ်ရောင်စုံ တစ်စုတည်း ကြီးမားလေစွ။**
- **လူတိုင်းမှာ စိတ်အမျိုးမျိုး ကောင်းကျိုးက တူညီစွာ။ မကောင်းစိတ်ကို ပယ်ကာသပ် ဖြတ်ထားရမှာ။ အများအကျိုးအတွက်သာ ဖြူစင်စွာ စိတ်နှလုံး။ ကိုယ့်နိုင်ငံ အလှတိုးဖို့ မြတ်နိုးလို့ပြုံး။**
- **မကောင်းကိုရှောင် ကောင်းရာကိုသုံး အမုန်းကင်းဝေး နိုင်ပါစေ။ သည်မြေမှာ အတူတကွ အေးမြလို့နေ။ ငြိမ်းချမ်းလို့ သာယာပါစေ လူသားတွေ ကြိုးစားလို့။ အားလုံးမှာ ညီညာမှုနှင့် ပြည်ထောင်စု ရောင်စုံအလှ ခြယ်သကြို့။ ။**

ဘုန်းမောင်ဝင်း(ဖျာပုံ)

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲအုပ်စုပတ်လည် ပထမအဆင့် ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိအားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ (အမျိုးသား) ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



ဆက်လက်၍ (အမျိုးသမီး) ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင် အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက် နံနက် ၉ နာရီတွင် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲ အမျိုးသားပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

❐ M League 2026 U-20 မှ

ဒုတိယပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းချေပဂိုးပြန်လည်ရရှိရေး အကောင်းဆုံးကြိုးစားခဲ့သော်လည်း ရန်ကုန်စီးတီးအသင်းကစားကွက်အောက်တွင်သာ ယှဉ်ပြိုင်ခဲ့ရပြီး မင်းဘုန်းခန့်၏ စတုတ္ထဂိုးထပ်မံသွင်းယူခြင်းခံရကာ ပွဲအပြီးတွင် ၄ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်စီးတီးအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည်။

ဗဟန်းကွင်း၌ FALCON အသင်းနှင့် ချင်းလန်းအသင်းတို့ပွဲသည် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ FALCON အသင်းသည်နောက်ဆုံးကစားခဲ့သည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းကို သရေကျထားပြီး ချင်းလန်းအသင်းသည်လည်း နောက်ဆုံးကစားခဲ့သည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် သရေကျထား၍ နိုင်ပွဲရှာအသင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံခဲ့ကြပြီး ပရိသတ်အကြိုက်တွေ့သည့် ပြိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ပထမပိုင်းတွင် နှစ်ဖက်အသင်းအပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး သူတစ်ပြန်ကိုယ်တစ်ပြန် သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိကြသည်။ ပထမပိုင်းအပြီးတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျထားပြီး FALCON အသင်းအတွက် သွင်းဂိုးများကို စိုင်းမြတ်မင်းနှင့် ဟန်ထူးလွင်တို့က သွင်းယူနိုင်၍ ချင်းလန်းအသင်းအတွက် သွင်းဂိုးများကို လွန်းရာဂျင်းနှင့်ပြည့်စုံမင်းတို့က သွင်းယူပေးခဲ့ကြသည်။

ဒုတိယပိုင်းတွင် အနိုင်သုံးမှတ်ရရန် နှစ်ဖက်အသင်းတိုက်စစ်မြှင့်ကစားခဲ့ကြပြီး လွန်းရာဂျင်းက ချင်းလန်းအသင်းအတွက် တတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ FALCON အသင်း ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပေမယ့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲအပြီးတွင် ချင်းလန်းအသင်းက ၃ ဂိုး ၂ ဂိုးဖြင့် FALCON အသင်းကို အနိုင်ရရှိသွားသည်။

ဝန်းရံခ

ဇာမင်လိုပက်ဇ်၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဘာစီလိုနာအသင်း အင်္ဂလန်တီကိုမက်ဒရစ်အသင်းကို အနိုင်ရ



ရန်ကုန် နိုဝင်ဘာ ၉

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၂) အဖြစ် အင်္ဂလန်တီကိုမက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ စပိန်နိုင်ငံ မက်ဒရစ်မြို့ Riyadh Air Metropolitano ကွင်း၌ နိုဝင်ဘာလ ၉ ရက် နံနက် ၂ နာရီ မိနစ် ၃၀ တွင် ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက အင်္ဂလန်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်္ဂလန်တီကိုမက် ဒရစ်အသင်းအတွက် ဂျူလီယာနိုဆီမြွန်နီက ပွဲကစားချိန် ၉ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၄၅ မိနစ်တွင်ဘာစီလိုနာအသင်းအတွက် ဖာမင်လိုပက်ဇ်ကချေပဂိုးသွင်းယူခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်ဘာစီလိုနာအသင်းကစားကွက်အသာဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲကစားချိန် ၆၆ မိနစ်တွင် လာမင် ယာမယ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာမင်လိုပက်ဇ်ကပင်ဒုတိယမြောက် ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြု ပေးလိုက် ရပြီး နောက် အင်္ဂလန်တီကိုမက်ဒရစ်အသင်း တို့က်စစ်မြှင့်ကစားခဲ့သော်လည်း ဘာစီလိုနာအသင်း၏ ကျစ်လျစ်ခိုင်မာသည့် ကွင်းလယ်နှင့်နောက်တန်းခံစစ်ကို ကျော်ဖြတ်နိုင်ခြင်း မရှိခြင်းကြောင့် ပွဲပြီးဆုံးချိန်တွင် ဘာစီလိုနာအသင်းက အင်္ဂလန်တီကိုမက်ဒရစ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၂)အပြီးတွင် ရဂိုး ၄၈ ဂိုး၊ ပေးဂိုး ၁၃ ဂိုး၊ ရမှတ် ၃၃ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ZMO

▼ **ကျောပုံးမှအဆက်**

အဆိုပါပြိုင်ပွဲ၏ နံနက် ၁၀ နာရီတွင် ယှဉ်ပြိုင်ကစားသည့် YRG အသင်းနှင့် ROYAL PANTRA အသင်းတို့ပွဲတွင် YRG အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင်ကစားသည့် U 19 TEAM အသင်းနှင့် ဒဂုံဆိပ်ကမ်းအသင်းတို့ပွဲတွင် U 19 TEAM အသင်းက ၁၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ယှဉ်ပြိုင်ကစားသည့် ရိုးမအသင်းနှင့် BUSHIDO TEAM အသင်းတို့ ပွဲတွင် ရိုးမအသင်းက ၁၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်ကစားသည့် မင်္ဂလာဒုံစီးတီးအသင်းနှင့် THE STARS အသင်းတို့



ပွဲတွင် THE STARS အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားသည့် PACIFIC SUN FAR အသင်းနှင့် လှိုင်သာယာအသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၉ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ဝန်းရံခ

၉-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

အယ်လ်နီညိုစေ့၏ အကျိုးသက်ရောက်မှုများ



MYAWADY IN ENGLISH DAILY EDITION

Vice President U Nyo Saw delivers speech at coordination meeting of Leading Committee for Organizing 2026 Kathina Robe Offering Ceremony of Union government



The coordination meeting of the Organizing Committee for the 2026 Kathina Robe Offering Ceremony of the Government of the Republic of the Union of Myanmar being held at the meeting hall of the Ministry of Religious Affairs.

NAY PYI TAW November 9

The coordination meeting of the Leading Committee for Organizing the 2026 Kathina Robe Offering Ceremony of the Government of the Republic of the Union of Myanmar was held at 2 pm today at the meeting hall of the Ministry of Religious Affairs, Office No. (31), in Nay Pyi Taw. Vice President U Nyo Saw, Patron of the Organizing Committee for the 2026 Kathina Robe Offering Ceremony, attended the meeting and delivered the opening remarks.

The meeting was also attended by Union Minister for Religious Affairs U Tin Oo Lwin, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, deputy ministers, members of the leading committee and work committee, and departmental officials.

At the meeting, the Vice President provided detailed explanations regarding the arrangements for holding the 2026 Kathina Robe Offering Ceremony of the Government of the Republic of the Union of Myanmar, including inviting the Chairman Sayadaw of the State Sangha Maha Nayaka Committee, and venerable members Sayadaws, together with members of the Sangha, to preside over the ceremony and offer Kathina robes along with various accompanying offertory items, arrangements for ensuring the comfort and well-being of the senior Sayadaws residing in the four Sangharama monasteries, including coordination of water and electricity supplies, sanitation and cleaning services, and landscaping and greening activities, the offering of breakfast and midday meals to the Sayadaws attending the ceremony, the need for the respective committees to ensure that the meals and accompanying dishes are hygienic and suitable for their health, opening of Western medicine and traditional medicine clinics at Sangharama Monastery Building No. 2, as in previous years, to provide healthcare services to the senior Sayadaws, the need to prepare the Padethapin (ceremonial offertory trees) in an elegant and reverential manner, and to make systematic arrangements for transporting them to the monastery designated to receive the Kathina offerings. The Vice President stressed that, as this is a State-level ceremony, all subcommittees must systematically manage and coordinate their respective responsibilities, ensure that no tasks are overlooked, and conduct advance rehearsals. He also urged all relevant committees to make thorough and systematic preparations to ensure that the grand Kathina Robe Offering Ceremony is held in a dignified and magnificent manner.

Next, the Chairman of the Organizing Committee, the Union Minister, the Chairman of the Working Committee, the Deputy Minister, and the chairpersons of the respective subcommittees and officials reported on the preparations made, tasks completed and further activities to be undertaken by their respective committees to ensure the successful holding of the 2026 Kathina Robe Offering Ceremony of the Government.

The Vice President reviewed the reports, coordinated and facilitated the necessary arrangements, and delivered the concluding remarks before bringing the meeting to a close. **Myawady**

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Tatmadaw columns attack and destroy bases of KNU/KNLA joint forces, including the special military region headquarters of NUG and CRPH terrorist insurgents based around the border area of Mon State and Bago Region



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Tatmadaw columns capture base camp, foxholes, and bunkers of NUG, CRPH, and KNU/KNLA terrorist groups in Theinzayat–Kyaikto and Shwegyin areas.



Tatmadaw columns capture base camps of NUG, CRPH, and KNU/KNLA terrorist groups in Theinzayat–Kyaikto and Shwegyin areas.

NAY PYI TAW November 9

Tatmadaw columns systematically advanced, attacked, and destroyed the bases of the combined group of terrorist insurgents—including KNU and KNLA alongside CRPH, NUG, and their subordinate so-called PDF—who were hiding and carrying out subversive acts within Kyaikto Township and Shwegyin Township along the border of Mon State and Bago Region.

Operating from rugged, mountainous terrain with difficult access across the Theinzayat–Kyaikto area of Mon State and the border areas of Bago Region, the combined terrorist insurgent elements—comprising KNU, KNLA, CRPH, NUG, and their subordinate so-called PDF—used profits obtained through various unlawful, dishonest means to produce handmade mortars, handmade firearms, ammunition, and explosive materials used in destructive operations. Relying on armed strength, they bullied local ethnic people who earn an honest living and established temporary bases within and around local villages.

During their temporary dominance and stationing in those areas, the terrorist insurgent coalitions committed unlawful acts, including constructing sandbag bunkers at civilians' homes, religious buildings, and schools, collecting extortion money, forcibly recruiting new members, and accusing local civilians, Buddhist monks, and loyal civil servants from non-supporting villages of being

SEE PAGE - 23



Tatmadaw columns capture base camps, foxholes, and bunkers of NUG, CRPH, and KNU/KNLA terrorist groups in Theinzayat–Kyaikto and Shwegyin areas.



Bombs, office equipment, motor vehicles, and other related materials seized from terrorist insurgents.



Arms, ammunition, mines, and related equipment seized from terrorist insurgents.



Arms, ammunition, mines, bombs, and related accessories seized from terrorist insurgents.

FROM PAGE - 22

dalans (informants), subsequently arresting, torturing, and murdering them.

Furthermore, they cruelly and viciously carried out terrorist activities such as extorting freight trucks and passenger vehicles transporting local civilian goods, planting landmines on transport routes, blowing up and destroying roads and bridges, and arbitrarily arresting and killing travelers, which severely impacted and harmed the socio-economic lives of local ethnic people.

In collaboration with KNU and KNLA, the NUG and CRPH opened a "Special Military Region Headquarters" of the NUG northeast of Theinzayat town in Kyaikto Township, Mon State, within Shwegyin Township of Bago Region, to command terrorist activities. Based on precise information provided by responsible local civilians, Tatmadaw columns carried out necessary assembly and preparations in Theinzayat to launch a Counter-Terrorism Operation.Starting November 3, split military columns systematically executed area security operations in stages. On November 5, they captured one temporary base of the terrorist insurgents near Kawkat Village, northeast of Theinzayat. On November 6, they captured another temporary base near Kawhteehta Village, northeast of Theinzayat. On November 7, near Kawhteehta Village, northeast of Theinzayat, they captured four temporary bases of the terrorist insurgents, including the headquarters of KNU/KNLA Brigade 1, Battalion 3.

Continuing relentless day-and-night efforts to prevent the terrorist insurgents from taking refuge, Tatmadaw columns on November 8 further attacked and captured five more bases, including the Special Military Region Headquarters of the NUG and CRPH terrorist insurgents, around Hteeklar Stream near Point 480 Hill inside Shwegyin Township, Bago Region, northeast of Theinzayat, Mon State.

During operations to seize these positions, four armed clashes broke out. Tatmadaw columns successfully captured 11 terrorist base sites of the KNU/KNLA and the NUG/CRPH Special Military Region Headquarters. A large haul of materiel and equipment was seized from the terrorist insurgents, including 97 assorted small arms and weapons, 12,285 rounds of assorted ammunition, 362 drop bombs, 139 assorted mines, two four-wheel-drive (4x4) vehicles, drones, hand grenades, mortar and artillery bombs, detonators, and communication devices. Forces also seized foxholes, bunkers, living huts, accessories used in explosive terrorist demolitions, rations, office supplies including computers, insurgent camouflage uniforms, bullet-proof vests, helmets, medicines, medical supplies, and numerous other utensils. The terrorist insurgents suffered heavy casualties and losses, fleeing in disarray without a clear destination.

To ensure that armed terrorist insurgents who disturb and destroy national peace, stability, and regional development through diverse means cannot base themselves anywhere to commit cruel, lawless acts of terror, the Tatmadaw is conducting Counter-Terrorism Operations in cooperation with responsible local citizens. It is further reported that necessary area security operations will continue at an accelerated pace to prevent terrorist insurgents from taking refuge in the Theinzayat–Kyaikto region.

100


Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

NAY PYI TAW November 9


In cooperation with neighbouring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, and systematically carried out total demolition of illegal buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, mechanical demolition of a 5-storey building and a 6-storey one among those used in online scams and gambling and left for dismantling in Shwe Kokko (Part-II) completed up to 60 percent and 10 percent respectively today.


A total of 63 buildings used in online scams and gambling and left for dismantling in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residences and systematic demolition works were being carried out. The dismantling of 10 buildings including four buildings scheduled for detonation and six buildings for mechanical demolition completed and plans are underway to systematically demolish the remaining 53 buildings. 100



Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Ongoing systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

15 illegal Chinese nationals arrested near Nongwo Village in Kyethi Township along with online gambling and scam equipment

NAY PYI TAW November 9

The State government regards identifying, preventing, and taking action against online fraud and gambling operations—which severely threaten and harm the socio-economic lives of not only local communities but humanity worldwide—as a national duty. Furthermore, effective operations to locate, arrest, and take legal action against offenders are being conducted in close coordination with neighbouring governments.

Acting on information regarding online fraud and gambling activities within Kyethi Township, Shan State, (South) a joint team including security forces conducted investigation and search operations. At around 2:00 pm today, approximately 2,500 meters south of Nongwo Village in Kyethi Township, security forces arrested 15 illegal Chinese nationals engaged in online fraud and gambling. Along with the suspects, authorities seized equipment used in the crimes, including two 40ft x 20ft temporary living huts, one 40ft x 30ft temporary workshop, one 20ft x 20ft temporary kitchen, one 30ft x 30ft water tank, one generator, one freezer, two stand fans, six routers, two All-In-One computers, two Starlink units, 40 assorted mobile phones, and 40 plastic chairs.



The photo shows seized operational equipment.

Necessary investigations into the arrested individuals are underway, after which effective and severe legal action will be taken in accordance with existing laws. Seized operational equipment will also be processed following established procedures.

100



A temporary living hut seized by the joint team.



A 30ft x 30ft water tank.

Rice traders from Yekyi Township ship Pawsan rice bags to Yangon market

YEKYI November 9

"Rice and paddy traders from Yekyi Township in Ayeyawady Region supplied a large number of Pawsan rice bags to Yangon market," said Daw Yu Wai, the owner of rice and paddy wholesale centre in Yekyi Township.

About 52,000 24-pyi bags of Pawsan rice were shipped from Yekyi Township to the Yangon market, according to local rice traders.

"During the past month, we were able to ship a larger volume of Pawsan rice to the Yangon market. We mainly transport Pawsan rice as well as other rice and paddy from Yekyi Township to the Yangon market. Shipments increased because demand for Pawsan rice from Yangon buyers was strong. Compared with other varieties of rice, Pawsan rice has been in higher demand and has seen more active trading both over the past month and at present," said Daw Aye Aung, an owner of a rice and paddy trading business in Yekyi Township.

The price of Pawsan rice shipped from Yekyi Township to the Yangon market during the past month fetched Ks-1.25 million per bag. As trading of the rice has become more active, farmers, merchants, loading and unloading workers, and cargo truck operators have been benefiting from increased employment opportunities.

SK

Taze Township plans to cultivate more than 3,000 acres of sunflower

TAZE November 9

Local farmers decided to grow more than 3,000 acres of sunflower in Taze Township of Sagaing Region this year, according to the Township Agriculture Department.

During the 2026-2027 upcoming winter crop cultivation season, Taze Township has set a target to grow 3,189 acres of sunflower, with cultivation scheduled to begin in October to December this year.

"More than 3,000 acres of sunflower are targeted for cultivation in Taze Township during the upcoming winter crop cultivation season. We will make efforts to ensure that the targeted acreage is fully planted. To reduce reliance on imported palm oil, we will promote the expansion of sunflower cultivation as an oilseed crop. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

To expand sunflower cultivation in Taze Township, the Township Agriculture Department will step up awareness and training programmes and intensify capacity-building training for staff and farmers who plan to grow sunflower.

This year, arrangements are being made to provide sunflower growers with seeds, sell urea fertilizers at affordable prices, and distribute sunflower varieties through farmer-to-farmer seed exchange systems.

SMK



တရုတ်မှာ ရှီကျင့်ဖျင်၊ ပူတင်တို့နဲ့ တွေ့ဆုံဖို့ မျှော်လင့်ထားကြောင်း ထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမယ့်သီတင်းပတ်အတွင်း တရုတ်နိုင်ငံကိုသွားရောက်ချိန်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကို တွေ့ဆုံနိုင်မယ်လို့ မျှော်လင့်ထားကြောင်း နိုဝင်ဘာလ ၈ ရက်မှာ ပြောပါတယ်။ အဲဒီတွေ့ဆုံမှုကို နိုဝင်ဘာလ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ တရုတ်နိုင်ငံမှာကျင်းပမယ့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ထိပ်သီးအစည်းအဝေး ပြင်ပမှာ ပြုလုပ်ဖို့ ရှိတယ်လို့ သိရပါတယ်။

ထရမ့်က ရှီကျင့်ဖျင်၊ ပူတင်တို့နဲ့ တွေ့ဆုံဆွေးနွေးပွဲမှာ ရုရှားယူကလီးယားလက်နက်ဖျက်သိမ်းရေးအပြင် အီရန်ပဋိပက္ခ အဆုံးသတ်ရေးကိစ္စတွေကိုလည်း ဆွေးနွေးသွားမယ်လို့ ဆိုပါတယ်။ အမေရိကန်သမ္မတရဲ့ အခုလို ပြောဆိုမှုဟာ ကမ္ဘာ့အင်အားကြီးသုံးနိုင်ငံရဲ့ ခေါင်းဆောင်တွေ ပထမဆုံးအကြိမ် ထိပ်သီးတွေ့ဆုံပွဲ ပြုလုပ်နိုင်မယ့် အလားအလာကို ပိုမိုနီးစပ်လာစေပါတယ်။ အဲဒီတွေ့ဆုံမှုအတွက်ဆွေးနွေးနေကြောင်း တရုတ်နဲ့ရုရှားတို့ကလည်းယခင်က ထုတ်ဖော်ပြောထားပါတယ်။

ရုရှားသမ္မတပူတင်က သုံးနိုင်ငံတွေ့ဆုံမှုမှာ ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးကို ဆွေးနွေးလိုကြောင်း အဆိုပြုထားတယ်လို့ သတင်းတွေက ဖော်ပြပါတယ်။ ဒါပေမဲ့ တွေ့ဆုံမယ့်အစီအစဉ်နဲ့ ဆွေးနွေးမယ့်အကြောင်းအရာတွေကို အတည်ပြုထားခြင်း မရှိသေးပါဘူး။ **Ref: BP**

ကမ္ဘာကြီးက ပြင်းထန်ရာသီဥတုများ ပုံမှန်ဖြစ်သည့်ခေတ်သို့ရောက်လာဟုဆို



အန်တဲယာ၊ ရာသီဥတု

ကမ္ဘာကြီးဟာပြင်းထန်လှတဲ့ ရာသီဥတုဖြစ်စဉ်တွေ ပုံမှန်လိုဖြစ်လာတဲ့ ခေတ်ထဲကိုရောက်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတားရက်က နိုဝင်ဘာလ ၉ ရက်မှာ သတိပေးလိုက်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကိုတုံ့ပြန်နိုင်ဖို့ ဖန်လုံအိမ်ခတ်ငွေ့ထုတ်လွှတ်မှုလျော့ချရေးကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ကြဖို့လည်း သူကနိုင်ငံခေါင်းဆောင်ထွက်တိုက်တွန်းခဲ့ပါတယ်။ တူကီယေနိုင်ငံ အန်တဲယာမြို့မှာ ကျင်းပနေတဲ့ ကုလသမဂ္ဂရာသီဥတု ညီလာခံ COP31 မှာ ဂူတားရက်က အခုလိုမျိုးပြောခဲ့တာပါ။

လူသားတွေရဲ့ လုပ်ဆောင်မှုကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာနေချိန်မှာ အားကောင်းတဲ့ အပူလွှန်ရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်လာတာကြောင့် ရာသီဥတုကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်တွေ ပိုမိုကြီးမားလာနိုင်တယ်လို့ ဆိုပါတယ်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘာ့ပျမ်းမျှအပူချိန်ဟာ စက်မှုခေတ်မတိုင်မီကာလကထက် ၁ ဒသမ ၄၇ ဒီဂရီစင်တီဂရိတ်မြင့်တက်ခဲ့တယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကထုတ်ပြန်ထားပါတယ်။ ဒုံအပြင် ၂၀၂၆ ခုနှစ်ဟာ မှတ်တမ်းတင်ထားသမျှ အပူဆုံးနှစ်တွေထဲက တစ်နှစ်ဖြစ်လာနိုင်တယ်လို့လည်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ခန့်မှန်းထားပါတယ်။ **Ref: ST**

ထိုင်ဝမ်ကျွန်းအရေးမှာ ပြင်ပစွက်ဖက်မှုကိုဟန့်တားမယ့် တရုတ်ရဲ့ စစ်ရေးစွမ်းရည်မြှင့်တင်မှု

သတင်းမှတ်စု



အနောက်ပစိဖိတ်ဒေသအတွင်း တရုတ်ရေတပ်ရဲ့လှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်လာနေပါတယ်။ အဲဒီလှုပ်ရှားမှုကို ထိုင်ဝမ်ကျွန်းအရေးမှာ အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေ ဝင်ရောက်စွက်ဖက်နိုင်ခြေကို တားဆီးဖို့ တရုတ်ကစစ်ရေးပြင်ဆင်နေတယ်ဆိုပြီး လေ့လာသူတွေက သုံးသပ်နေပါတယ်။ တရုတ်ဘက်ကကြည့်မယ်ဆိုရင်တော့ ဒီလိုစစ်ရေးစွမ်းရည်မြှင့်တင်မှုဟာ နိုင်ငံတော်လုံခြုံရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် အရေးပါတဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။

အမေရိကန်အခြေစိုက် စစ်ရေးလေ့လာရေးအဖွဲ့ကထုတ်ပြန်တဲ့ သုံးသပ်ချက်မှာ တရုတ်စစ်ဘက်ဟာ ထိုင်ဝမ်ကျွန်းကို ဝန်းရံပိတ်ဆို့နိုင်ရေးနဲ့ ပြင်ပနိုင်ငံတွေရဲ့ စွက်ဖက်မှုတားဆီးနိုင်ရေး အကြီးစားစစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်နေနိုင်တယ်လို့ဖော်ပြထားပါတယ်။ ဒါပေမဲ့ တရုတ်အစိုးရကတော့ ဒီလှုပ်ရှားမှုတွေကို အကြီးစားစစ်ရေးလေ့ကျင့်မှုတစ်ခုအဖြစ် တရားဝင်ကြေညာထားခြင်းမရှိသေးပါဘူး။

အမေရိကန်ရဲ့စစ်ရေးလေ့လာရေးအဖွဲ့ရဲ့ထုတ်ပြန်ချက်အရဆိုရင် တရုတ်ရဲ့ ရေတပ်နဲ့ကမ်းခြေစောင့်တပ်ဖွဲ့ကို အဓိကအင်အားစုနှစ်စုအဖြစ်ခွဲခြားမြင်တွေ့နိုင်ပါတယ်။ ပထမအင်အားစုက ထိုင်ဝမ်ကျွန်းနဲ့ အမေရိကန်ပိုင် ဂူအမ်ကျွန်းကြားပင်လယ်ရေပြင်မှာ လှုပ်ရှားနေပြီး ဒုတိယအင်အားစုကတော့ ထိုင်ဝမ်ကျွန်းတစ်ဝိုက်မှာ အခြေပြုထားပါတယ်။

ပထမအင်အားစုထဲမှာ တရုတ်တပ်မတော်ရဲ့ ရေတပ်စစ်ဆင်ရေးအုပ်စု လေးစုပါဝင်ပါတယ်။ အဲဒီအင်အားစုထဲမှာ လျောင်နင်းလေယာဉ်တင်သင်္ဘောလည်း အပါအဝင်ဖြစ်ပါတယ်။ ဒီသင်္ဘောအုပ်စုဟာ ဘာဆီလန်ရေလက်ကြားကိုဖြတ်ပြီး အနောက်ပစိဖိတ်ဒေသအတွင်း ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုက တရုတ်ရေတပ်ဟာ ပင်လယ်ရေကြောင်းဆိုင်ရာ စစ်ဆင်ရေးတွေကို နိုင်ငံအနီးမှာသာမက ပိုမိုကျယ်ပြန့်တဲ့ ပင်လယ်ပြင်မှာပါ ဆောင်ရွက်နိုင်စွမ်းရှိကြောင်း ပြသနေပါတယ်။

ဒုတိယအင်အားစုမှာ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့မှ သဘော်ဘာအနည်းဆုံးခြောက်စင်းနဲ့ အရေအတွက်အတိအကျ မသိရသေးတဲ့ ရေတပ်သင်္ဘောတွေ ပါဝင်ပါတယ်။ ဒီလို အင်အားဖြန့်ကြက်ထားခြင်းဟာ ပင်လယ်ရေကြောင်းလုံခြုံရေးကို ပိုမိုကျယ်ပြန့်စွာ စောင့်ကြည့်နိုင်ဖို့နဲ့ အရေးပေါ်အခြေအနေတွေမှာ လျင်မြန်စွာ တုံ့ပြန်နိုင်ဖို့အရေးပါတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

တရုတ်ရဲ့ စစ်ရေးစွမ်းရည်ကို လေ့လာရာမှာ ရေတပ်လှုပ်ရှားမှုကိုသာမက လေတပ်ရဲ့လှုပ်ရှားမှုကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ခေတ်သစ်စစ်ရေးစနစ်မှာ ရေတပ်နဲ့ လေတပ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အလွန်ကိုအရေးပါပါတယ်။ ရေတပ်က ပင်လယ်ပြင်မှာအင်အားကိုဖြန့်ကြက်ထားချိန် လေတပ်က လေကြောင်းရန်ကာကွယ်ရေးနဲ့ ထောက်လှမ်းရေးတာဝန်တွေကို ပူးတွဲဆောင်ရွက်နိုင်မယ် ဆိုရင် စစ်ဆင်ရေးတစ်ခုလုံးရဲ့ ထိရောက်မှုကို မြှင့်တင်ပေးနိုင်ပါတယ်။

တရုတ်အနေနဲ့လည်း ရေတပ်၊ လေတပ်နဲ့ ကမ်းခြေစောင့်တပ်ဖွဲ့တို့ကို ပေါင်းစပ်အသုံးပြုနိုင်စွမ်းကို မြှင့်တင်လာခြင်းအားဖြင့် အနောက်ပစိဖိတ်ဒေသအတွင်း ရေကြောင်းအကျိုးစီးပွားတွေကို ပိုမိုထိရောက်စွာကာကွယ်ဖို့ ကြိုးပမ်းနေတယ်လို့ ရှုမြင်နိုင်ပါတယ်။

ထိုင်ဝမ်ကျွန်းအရေးက တရုတ်နိုင်ငံအတွက် နိုင်ငံရေးအရသော်လည်းကောင်း သမိုင်းကြောင်းအရသော်လည်းကောင်း အချုပ်အခြာအာဏာဆိုင်ရာအရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံပိုင်ဖြစ်တဲ့ ထိုင်ဝမ်ကျွန်းနဲ့ ပြန်လည်ပေါင်းစည်းရေးကို တရုတ်အစိုးရက အမျိုးသားရေးရည်မှန်းချက်တစ်ခုအဖြစ် ဆက်လက်ထားရှိပါတယ်။

ဒီအခြေအနေမှာ အမေရိကန်ရဲ့ စစ်ရေးအကူအညီပေးမှုနဲ့ ဒေသတွင်းစစ်ရေးလှုပ်ရှားမှုဟာ တရုတ်အတွက် လုံခြုံရေးဆိုင်ရာစိုးရိမ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် အမေရိကန်နဲ့ ဒေသတွင်း မဟာမိတ်နိုင်ငံတွေက ထိုင်ဝမ်ကျွန်းအရေးမှာ ဝင်ရောက်စွက်ဖက်လာနိုင်ခြေဟာ တရုတ်ရဲ့စစ်ရေးစီမံချက်တွေမှာ ထည့်သွင်းတွက်ချက်ရမယ့် အချက်တစ်ခုဖြစ်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ မိမိရဲ့ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ထားခြင်းဟာ အခြားနိုင်ငံတွေရဲ့ စစ်ရေးဖိအားကို တုံ့ပြန်နိုင်ဖို့ သာမက ပဋိပက္ခတစ်ခုဖြစ်ပေါ်လာနိုင်ခြေကိုကြိုတင်ဟန့်တားဖို့လည်း ရည်ရွယ်နိုင်ပါတယ်။ အထူးသဖြင့် အမေရိကန်က အာရုပစိဖိတ်ဒေသအတွင်း စစ်ရေးအင်အားကို ဆက်လက်ထိန်းသိမ်းပြီး ဂျပန်၊ ဖိလစ်ပိုင်တို့နဲ့ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်နေတဲ့အခြေအနေမှာ တရုတ်အနေနဲ့ မိမိရဲ့ကာကွယ်ရေးစွမ်းရည်ကို လိုက်လျောညီထွေမြှင့်တင်ဖို့ ကြိုးပမ်းလာခြင်းဟာ မဟာဗျူဟာအရ နားလည်ပေးနိုင်တဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်နေကြောင်း တင်ပြလိုက်ရပါတယ်။ **Ref: Sputnik**

ထက်မြတ်

အိန္ဒိယမှာ သုံးနေရာမီးလောင် လူ ၁၈ ဦး သေဆုံး

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံမှာ ဒီပါဝလီပွဲတော်ကျင်းပတဲ့ နိုဝင်ဘာလ ၈ ရက်ညက နေရာသုံးနေရာမှာ မီးလောင်မှုများဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူ ၁၈ ဦး သေဆုံးကာ အခြားသူအချို့လည်း ဒဏ်ရာရရှိခဲ့တယ်လို့ ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၉ ရက်မှာ အတည်ပြုထုတ်ပြန်ထားပါတယ်။

မီးလောင်မှုနှစ်ခုက အိန္ဒိယနိုင်ငံ အလယ်ပိုင်း မဒ္ဓရာပရာဒေ့ပြည်နယ် ဆီယိုနီနဲ့ ကတ်နီခရိုင်တို့မှာ ဖြစ်ပွားခဲ့တာဖြစ်ပြီး ကျန်တစ်ခုကတော့ မဟာရက်ရှထရာပြည်နယ်ရှိ ဒါရာရှစ်ခရိုင်မှာ ဖြစ်ပွားခဲ့တာပါ။

ဆီယိုနီခရိုင်မှာ သုံးထပ်အိမ်တစ်လုံးအတွင်း မီးအကြီးအကျယ်လောင်တာကြောင့် မိသားစုဝင် ခြောက်ဦး သေဆုံးပါတယ်။ ကတ်နီခရိုင်မှာလည်း အထပ်မြင့်တိုက်ရိုပန်းကန်ဆိုင်မှာ မီးလောင်မှုဖြစ်ပြီး ဆိုင်ပိုင်ရှင်မိသားစုဝင် ခြောက်ဦး သေဆုံးပါတယ်။ ဒါရာရှစ်ခရိုင်မှာတော့ မီးလောင်နေစဉ်အိမ်အတွင်းအိပ်ပျော်နေတဲ့ မိသားစုဝင်ခြောက်ဦးဟာ မီးခိုးငွေ့ကြောင့် အသက်ရှူကျပ်ပြီး သေဆုံးခဲ့တာဖြစ်ပါတယ်။ **Ref: Xinhua**

အင်ဒိုနီးရှားက သူလျှိုကိရိယာအသုံးပြုမှုကို ထိန်းချုပ်ရန် စီစဉ်

ဂျကာတာ၊ ပြည်တွင်းရေး

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုနဲ့ အစိုးရထိပ်တန်းအရာရှိတွေကို တရားမဝင်ဖုန်းလိုင်းကြားဖြတ်နားထောင်ခဲ့တယ်ဆိုတဲ့ အရှုပ်တော်ပုံ ပေါ်ပေါက်လာပြီးနောက် အင်ဒိုနီးရှားအစိုးရဟာ သူလျှိုကိရိယာအသုံးပြုမှုတွေကို ပိုမိုတင်းကျပ်စွာထိန်းချုပ်ဖို့ စီစဉ်နေပါတယ်။ သမ္မတရုံးအတွင်းမှာလည်း လျှို့ဝှက်အသံဖမ်းကိရိယာတွေ ရှိ၊ မရှိ စစ်ဆေးဖို့ စဉ်းစားနေပါတယ်။

သမ္မတရုံးအတွင်း လျှို့ဝှက်အီလက်ထရွန်နစ်ကိရိယာတွေ ရှိ၊ မရှိ စစ်ဆေးရေးက ကြိုတင်ကာကွယ်မှုတစ်ရပ်ဖြစ်တယ်လို့ ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ပြန်ထားပါတယ်။ ဒီအရှုပ်တော်ပုံနဲ့ ဆက်စပ်ပြီး တာဝန်ရှိသူများက အဆင့်မြင့်အရာရှိလေးဦးကိုဖမ်းဆီးထားပါတယ်။ သူတို့ထဲမှာ ရဲချုပ်ဟောင်းတစ်ဦးလည်းပါဝင်ပါတယ်။ စောင့်ကြည့်ခံရသူတွေထဲမှာ စီးပွားရေးသမားတွေလည်းပါပါတယ်။ **Ref: Xinhua**

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

ထို့ပြင် မင်းတရားကြီး၏ လများစွာ အမျက်တော် ရှခံထားရသဖြင့် အိမ်တော်မရှိ အဆောင်တော် မရဖြစ်လျက် ယခုတိုင် တပယ်မင်းသားစံအိမ်တော်၌ မှီခိုနေထိုင်နေရသောအချိန်ဖြစ်သည်။ သီပေါစားမင်းသားလေးမှာ မင်းသားဟူသော နာမ်စားပုဒ်သာ ရှိပြီး အဆောင်အယောင်လည်း ပေးသနားမခံရကျသူ ဖြစ်သည်။

"ဒါနဲ့ အရှင်ဘုရား ဒီကိုရင်လေးက ဘယ်ကလဲ ဘုရား"

"ကိုကြီးစံမသိဘူးလား၊ ကိုယ်တော်ရဲ့ညီတော် လေးပါပဲ၊ သူ့မယ်တော်က အနောက်ဆောင်က ကိုယ်လုပ်တော်ခင်ရွှေလေ"

"ဩော် ... ကြည်ညိုစရာလေးပါဘုရား"

ကိုရင်လေးကို ကရဏာသက်စွာဖူးဖြစ်၏။ သီပေါကိုယ်တော်လေးက ကိုရင်လေးရှေ့၌စကား ကိုထိန်းပြောသွားသော်လည်း ကိုယ်လုပ်တော်ခင်ရွှေ ဆိုလျှင် နန်းတော်သူ၊ နန်းတော်သားတိုင်း သိကြသည်။ ထိုကိုယ်လုပ်တော်လေးမှာ အသက်တစ်ဆယ့် လေးနှစ်ခန့်မျှသာရှိသေးသော အင်မတန်ငယ်ရွယ်နုပျို လှပသည့် ရုပ်ရည်ဖြူလေးဖြစ်၏။

တစ်ခါတွင် ငယ်ရွယ်သေးသူ ခင်ရွှေလည်း နားမလည်၊ တာဝန်ကျမိန်းမစိုးတို့ကလည်း တာဝန်ပေါ့ လျော့သဖြင့် ခင်ရွှေ့တွင် ဘုန်းတော်ထီးဘုရားကြီး၏ ကိုယ်ဝန်တော်ခလေသည်။ ထိုအမှုတော်နှင့်ပင် တာဝန်ကျမိန်းမစိုးနှစ်ယောက်လည်း ကွပ်မျက်ခံရကာ ခင်ရွှေကိုလည်း မင်းသားလေးအားဖွားမြင်အပြီး ခြောက်လအကြာတွင် ရေချကွပ်မျက်ခဲ့သည်။ ထို့ကြောင့် မင်းသားလေးမှာ ဘုရင့်သားတော် မည်ကာမတ္တ မည်သည့်ဘွဲ့အဆောင်အယောင်မျှ မရရှာပေ။

သီပေါမင်းသားကိုယ်တိုင်ကလည်း အငဲ့စိတ်နှင့် ကြီးပြင်းခဲ့ရသူ ဘဝနာသူတို့ထုံးစံ အနေအထိုင် ကျစ်လျစ်ကာ ရိုးရိုးသားသားနေထိုင်တတ်ပြီး သနားကြင်နာတတ်၏။ ပရိယတ်စာပေဘက်တွင် ထူးချွန်စွာ ကြိုးစား၍သာ မင်းတရားကြီး၏ ကရဏာထားခံရခြင်းဖြစ်သည်။ စံနက်ကျော်အနေနှင့်လည်း မင်းသား ငယ်လေးဘဝကသာ ရင်းရင်းနှီးနှီးဖူးမြော်ဖူးပြီး သူ့အပေါ် ခင်မင်ရင်းစွဲရှိတော်မူ၍သာလျှင် သူ့ထက် အသက်ခြောက်နှစ်မျှငယ်သော မင်းသားလေးက မှတ်မိနေခြင်းဖြစ်သည်။ ထိုနှစ် ပထမပြန်စာမေးပွဲတွင် သီပေါမင်းသားက ပထမလတ်တန်းကိုအကျော် ဖြင့် အောင်မြင်တော်မူခဲ့ပြီး မယ်တော်ကိုလည်း အဆောင်တော်ပြန်ရစေခဲ့သည်။

ထိုနှစ်နွေဦးခဲ့ ဆင်ပေါင်ဝဲရှေ့တန်းစစ်မြေပြင် အရပ်သို့ နောက်တစ်ခေါက် တာဝန်ဖြင့်သွားရာတွင် ရှင်မယ်ညို့အစီအစဉ်ဖြင့် သရက်မြို့သူမကြေးမုံနှင့် မယ်ကြင်ထွေးတို့နှစ်ယောက်ကို သရက်မြို့မှနေ၍ အလျဉ်းသင့်သလို အလုပ်အကျွေးပြုနိုင်ရန် ထည့်ပေး လိုက်လေသည်။

"ကဲ မောင်မောင်ဘုရား ဒီတစ်ခါအလုပ်အကျွေး အနေနဲ့ ဘယ်ဆင်ပေါင်ဝဲ တူးပေါက်သူကိုမှလည်း ခေါ်တော်မူမလာပါနဲ့တော့၊ အိမ်တော်မှာလည်း အရှင် ထီးဘုရားမိန့်သလို မယားလက်တစ်ဖက်စာပြည့်နေ ပါပြီ၊ စားအိုးလည်း အတန်ပင်ကြီးနေပါပြီမောင်မောင်"

"အို မယ်ညိုကလည်းကွယ်"

"ဒီတစ်ခေါက် ဘာမှမပူနဲ့ငါ့နှမရေ၊ သူ့ဘာသာ ဘာမင်းကြီးညာမင်းကြီးဖြစ်ဖြစ် ငါ့နှမနဲ့ရတော့ ငါ့ယောက်ဖပဲ အကြောင်းသိသွားစေရမကွဲ့"

ငယ်ကချစ်ဇနီး ရှင်မယ်ညို၏ ငေါ့တော့တော့ စကားကြောင့် ဘဘဘုရားနှင့် မယ်မယ်တို့က ပြုံးရုံမျှ ပြုံးနေကြသော်လည်း ကျန်မယားလေးယောက်နှင့် သားငယ်၊ သမီးငယ်လေးများက ရယ်မောကြလေ ရာ စံနက်ကျော် ရှက်ကိုးရှက်ကန်းဖြင့် ကွန်ဒြေမပျက် ဟန့်လိုက်ရလေသည်။ စံနက်ကျော်အခေါ်စကား ကြောင့် ညနေပိုင်းကမှ ရန်ကုိကရောက်လာသော ကိုကြီးချစ်စံက ဝင်ပြီးအရွှန်းဖောက်လိုက်၍သာ တော်တော့သည်။

ဤသို့ဖြင့် တိုက်ရေးခိုက်ရေးအကျိုးပေးလှသော စံနက်ကျော် အာဏာပါဝါ ဂုဏ်ရှိန်ဝါများအတွက် အလွန်ရှုပ်ထွေးလှသည့် ရွှေနန်းတော်ကြီးနှင့်ဝေးရာ ဆင်ပေါင်ဝဲခံတပ်စခန်းရှိရာသို့ ပြေးခဲ့ရပြန်လေသည်။

ဆင်ပေါင်ဝဲရှေ့တန်းခံတပ်စခန်းမှာ သရက်မြို့အနီး ရှိ ရန်သူကုလားဖြူတို့၏ ငွေးချိုစခန်းနှင့် နီးလေရာ စစ်ကိုလိုလားနေသော ကုလားဖြူများက ရေကြောင်း ရေလမ်းဖြင့် မကြာခဏလာ၍ ရန်စ ပစ်ခတ်တတ်ကြ၏။ အမြဲတမ်းငြိမ်ခံနေလျှင် ပို၍ ဆိုးလာတတ်သဖြင့် လှေမြန်တော်တပ်တစ်ခုကို ဖွဲ့ထားရပြီး ကင်းပုန်းဝပ်၍ အမောက်ထောင်ပြရလေ ၏။ တစ်ခါတွင် ကုလားဖြူစစ်သားတစ်ယောက် ရေ၌ ကျကျန် ဖမ်းမိလာခဲ့လေရာ ထိုသတင်းက ရွှေနန်းတော် အထိပေါက်ကြားပြီး တပ်မှူးဖြစ်သူ နေမျိုးသီဟသူရ လက်ျာဝင်းမှူးစံနက်ကျော်ကို နေပြည်တော်သို့ ဆင့်ခေါ်လေတော့သည်။ စံနက်ကျော်လည်း သံ့ပန်း ကုလားဖြူကို နေပြည်တော်အရောက်ခေါ်ကာ မယားနှစ်ယောက်ပါခေါ်၍ ပြန်ခဲ့လေသည်။

ရွှေနန်းမြို့အဝင်လေးမျက်နှာ၌ ပန်းရန်လုပ်သား အများအပြား ငြမ်းဆင်လုပ်ကိုင်နေကြရာ မြို့တံခါး လေးဝနှင့် ပြအိုးမြို့ရိုးများ အကြောင်းမဲ့အခါမဲ့

"စံနက်ကျော်အနေနှင့်လည်း မင်းသားငယ်လေးဘဝကသာ ရင်းရင်းနှီးနှီး ဖူးမြော်ဖူးပြီး သူ့အပေါ်ခင်မင်ရင်းစွဲရှိတော်မူ၍သာလျှင် သူ့ထက်အသက် ခြောက်နှစ်မျှငယ်သော မင်းသားလေးက မှတ်မိနေခြင်းဖြစ်သည် . . ."

ပျက်ပြိုကျ၍ ပြုပြင်နေကြရကြောင်းသိရ၏။ ထိုညဦး စက်တစ်နာရီခန့်တွင် မြောက်ထားဝယ်ဗိုလ်နှင့် ရဲမက် ဆယ်ယောက်ရောက်လာကြပြီး မင်းတရားအမိန့်ဖြင့် ဘုရားကြီးအရှေ့မှခံ ဓမ္မိကာရာမကျောင်းတိုက်အတွင်း တောင်အရပ်မဟာမြိုင်တောမှ ကျားတစ်ကောင် ဝင်သဖြင့် သွားရောက်နှိမ်နင်းရပြီး နံနက်နေ ထန်းတစ်ဖျားခန့်အချိန်မှ ပြီးမြောက်၏။ ထိုနေ့၌ပင် တောင်ပြင်အရပ် မောရဂီရိမောရဂီဝါအရပ်နှင့် မြောက်ပြင်တော် ဥပုသ်တော်အရပ်တို့ တစ်ပြိုင်တည်း

ဆိုးလာတတ်သဖြင့် လှေမြန်တော်တပ်တစ်ခုကို ဖွဲ့ထားရပြီး ကင်းပုန်းဝပ်၍ အမောက်ထောင်ပြရလေ ၏။ တစ်ခါတွင် ကုလားဖြူစစ်သားတစ်ယောက် ရေ၌ ကျကျန် ဖမ်းမိလာခဲ့လေရာ ထိုသတင်းက ရွှေနန်းတော် အထိပေါက်ကြားပြီး တပ်မှူးဖြစ်သူ နေမျိုးသီဟသူရ လက်ျာဝင်းမှူးစံနက်ကျော်ကို နေပြည်တော်သို့ ဆင့်ခေါ်လေတော့သည်။ စံနက်ကျော်လည်း သံ့ပန်း ကုလားဖြူကို နေပြည်တော်အရောက်ခေါ်ကာ မယားနှစ်ယောက်ပါခေါ်၍ ပြန်ခဲ့လေသည်။

ရွှေနန်းမြို့အဝင်လေးမျက်နှာ၌ ပန်းရန်လုပ်သား အများအပြား ငြမ်းဆင်လုပ်ကိုင်နေကြရာ မြို့တံခါး လေးဝနှင့် ပြအိုးမြို့ရိုးများ အကြောင်းမဲ့အခါမဲ့ ပျက်ပြိုကျ၍ ပြုပြင်နေကြရကြောင်းသိရ၏။ ထိုညဦး စက်တစ်နာရီခန့်တွင် မြောက်ထားဝယ်ဗိုလ်နှင့် ရဲမက် ဆယ်ယောက်ရောက်လာကြပြီး မင်းတရားအမိန့်ဖြင့် ဘုရားကြီးအရှေ့မှခံ ဓမ္မိကာရာမကျောင်းတိုက်အတွင်း တောင်အရပ်မဟာမြိုင်တောမှ ကျားတစ်ကောင် ဝင်သဖြင့် သွားရောက်နှိမ်နင်းရပြီး နံနက်နေ ထန်းတစ်ဖျားခန့်အချိန်မှ ပြီးမြောက်၏။ ထိုနေ့၌ပင် တောင်ပြင်အရပ် မောရဂီရိမောရဂီဝါအရပ်နှင့် မြောက်ပြင်တော် ဥပုသ်တော်အရပ်တို့ တစ်ပြိုင်တည်း

ဆက်လက်ဖော်ပြပါမည်။

ဒေးဒရဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ဒေးဒရဲ နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုပိုမိုရရှိစေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းလုပ်ငန်းများကို နိုဝင်ဘာလ ၉ ရက်တွင် ကဒါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံ၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့် ကောင်းများရရှိစေရန်၊ အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှု၍ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ စာအုပ်စာပေလေ့လာခြင်းဖြင့် အသိဉာဏ်ပညာ ဖွံ့ဖြိုးလာပြီး မိမိနိုင်ငံနှင့် မိမိလူမျိုးကို အကျိုးပြုနိုင်မည့် လူငယ်များဖြစ်လာ စေရန်အတွက် အခြေခံပညာကျောင်းများ အရောက်ကွင်းဆင်း၍ လူငယ်ရေးရာအသိ ပညာပေးဟောပြောပွဲနှင့် အသိပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးကာ လူငယ်နှင့်ဘဝ တိုးတက်ရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများကို အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်း ပြသထားသော သုတ၊ ရသစာအုပ်စာစောင် များနှင့် အသိပညာပေး နံရံကပ်စာစောင် များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အေဇာလင်း

လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

ရွှေဘို နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ် သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးလုပ် ငန်းကော်မတီနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ် သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၉ ရက်တွင် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးဝင်းလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချပေးသောနည်းပညာရပ်များကို စိတ်ပါဝင် စားစွာလေ့လာသင်ယူကြရန်နှင့် သင်တန်းမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရပ်ဖြင့် ဝင်ငွေရရှိသည့် အလုပ်အကိုင်များရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ စာတွေ့လက်တွေ့သင်ကြား ပို့ချပေးလျက်ရှိပြီး သင်တန်းသား ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

အောင်ထွန်းခိုင်(ပြန်/ဆက်)

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပလာတူးငါးပိသာအများအပြားတင်ပို့ရောင်းချနိုင်

လပွတ္တာ နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ အတွင်း ပလာတူးငါးပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်နွယ်၏ ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်စက်တင်ဘာလအတွင်းကပလာတူးငါးပိသာ ၄၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ ပလာတူးငါးပိသာ ၅၃၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသ၌ သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အောက်တိုဘာလအတွင်းပလာတူးငါးတွေ ပြည်တွင်းဈေးကွက်မှာအဝယ်လိုက်ခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလည်း ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လပွတ္တာမြို့နယ်ကနေ တခြားရေထွက်ကုန်တွေအပြင် ပလာတူးငါးတွေကိုလည်း တင်ပို့ရောင်းချနေပါတယ်။ အခုလိုအရောင်းအဝယ်တွေကောင်းလာတော့ ရေလုပ်သားတွေနဲ့ ကုန်သည်တွေအလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေပါတယ်" ဟု ဒေါ်တင်နွယ်ကပြောသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ပလာတူးငါးအပါအဝင် ငါးမျိုးစုံ၊ ပုစွန်မျိုးစုံနှင့် ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်


❍ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီး နယ်မြေအစပ်တို့ရှိ သွားလာရေးခက်ခဲသော တောတောင်များအတွင်း အခြေပြုနေထိုင်၍ တရားဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရာတွင်အသုံးပြုသော လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များ၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးသုံးပစ္စည်းများကို ပြုလုပ်ပြီး ဒေသများ၌ ယာယီစိုးမိုးအခြေပြုစဉ် ကာလအတွင်း ဒေသခံပြည်သူများ၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရဟန်းသံဃာများနှင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများအား “ဒလန်” ခေါင်းစဉ်တပ်စွပ်စွဲပြီး ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို တရားဥပဒေမဲ့ကျူးလွန်လျက်



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။

တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား တိုက်ခိုက်သိမ်းပိုက်ရရှိမှုနေရာပြမြေပုံ။















အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ။

လက်နက်အားကိုးဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အနိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့်အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်လျက်ရှိကြကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် အဆိုပါ









အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ဗုံးသီးများ၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ။









အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် Drone များ၊ ကျည်ကာအင်္ကျီ၊ ကျည်ကာဦးထုပ်များနှင့်အခြားပစ္စည်းများ။

ရှိသည်။

ထို့ပြင်၎င်းဒေသအတွင်းရှိဒေသခံပြည်သူလူထု၏ ကုန်စည်ပို့ဆောင်မှုများလုပ်ဆောင်လျက်ရှိသည့်ကုန်တင်ကားများနှင့် ခရီးသွားမော်တော်ယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ခရီးသွားပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာခဲ့ရသည်။

NUG၊ CRPH တို့အနေဖြင့် KNU၊ KNLA အဖွဲ့များနှင့် ပူးပေါင်းကာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်၊

စာမျက်နှာ ၂၈ သို့ ❍














တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား တိုက်ခိုက်သိမ်းပိုက်ရရှိမှု။

















တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများနှင့် ပစ်ကျင်းဘန်ကာများ သိမ်းပိုက်ရရှိမှု။









တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား တိုက်ခိုက်သိမ်းပိုက်ရရှိမှု။

❍ **စာမျက်နှာ ၂၇ မှ**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်း NUG ၏ အထူးတိုင်းစစ်ဌာနချုပ်ဖွင့်လှစ်၍ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်မှုကို ကွပ်ကဲလျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူများ၏ တိကျသောသတင်းပေးပို့မှုအရ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဖြင့် တိုက်ခိုက်ချေမှုန်းရန် သိမ်ဇရပ်မြို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၃ ရက်မှစ၍ စစ်ကြောင်းများ ခွဲကာ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၅ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ် ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၆ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထ ကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၂ ခုအားလည်းကောင်း၊ နိုဝင်ဘာလ ၇ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထကျေးရွာအနီး KNU၊ KNLA တပ်မဟာ (၁)၊ ရင်း (၃) ဌာနချုပ်အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၄ ခုတို့အား သိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအားညမအား ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၈ ရက်တွင် မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်း ဝန်းကျင်တစ်ဝိုက်၌

စာမျက်နှာ ၂၉ သို့ ❍

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၀၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၁၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၅၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၄၀	-	၅၀၂၀	၄၆၅၅	၅၂၅၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၁၅၂၀	၁၆၀၅	၁၆၂၅	၁၅၃၅	၁၆၈၀	၁၆၉၀	၁၇၂၅	၁၆၀၅	၁၉၇၅	၆၀၀၅	၁၆၂၅	၁၈၂၀	၁၇၃၅	၁၆၀၅	၁၆၈၅	၁၉၃၅
HSD (10 ppm)	၁၅၂၀	၁၆၀၅	၁၆၂၅	၁၅၃၅	၁၆၈၀	၁၆၉၀	၁၇၂၅	၁၆၀၅		၆၀၀၅	၁၆၂၅	၁၈၂၀	၁၇၃၅	၁၆၀၅	၁၆၈၅	၁၉၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်

ပဲခူး နိုဝင်ဘာ ၉

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဆောင်းသီးနှံများအား ယခင်နှစ်ကာလတူထက် စိုက်ဧကလျော့နည်းစိုက်ပျိုးမှု မဖြစ်ပေါ်စေရေး မြေပြင်ကွင်းဆင်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ ဒေသတွင်း လစဉ်တိုးချဲ့မွေးမြူရမည့် စီမံချက်များအတိုင်းမွေးမြူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် မျိုးကောင်းမျိုးသန့်များ စနစ်တကျရွေးချယ်မွေးမြူနိုင်ရေး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၆)တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် မိုးသီးနှုန်း ရိတ်သိမ်းထွက်ရှိမှု၊ ဆောင်းသီနှံစိုက်ပျိုးနေမှု၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးလုံလောက်စွာရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လစဉ်စီမံချက်ပါအတိုင်းဦးတည်အုပ်စုအလိုက် တိရစ္ဆာန်တိုးချဲ့မွေးမြူနေမှုနှင့် MSME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ပြည်နယ်ဝန်ကြီးများက ပဲခူးတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ထွက်ကုန်များ ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက်အကြံပြုတင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား



တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု။

❍ **စာမျက်နှာ ၂၈ မှ**

NUG၊ CRPH အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနချုပ် အပါအဝင်စခန်း ၅ ခုအား ထပ်မံ၍ အသီးသီးတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့တိုက်ခိုက်သိမ်းပိုက်နိုင်ရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA အဖွဲ့များ၏အကြမ်းဖက်စခန်းနေရာ ၁၁ နေရာတို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၉၇ လက်၊ ကျည်မျိုးစုံ ၁၂၈၅၅ တောင့်၊ Drop Bomb ၃၆၂ လုံး၊ မိုင်းမျိုးစုံ ၁၃၉ လုံး၊ (4x4) ကား ၂ စီး၊ ဒရုန်းများ၊ လက်ပစ်ဗုံးများ၊ ဗုံးသီးများ၊ ဒီတိုနေတာများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ကွန်ပျူတာအပါအဝင် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ၊ ဦးထုပ်များ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးအဆောင်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဦးတည်ရာမဲ့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံနှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မည်သည့်ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များအား ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခြင်းမရှိစေရန် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)ကို တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါသိမ်ဇရပ်-ကျိုက်ထို ဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

REVOSPORTS LIMITED

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "REVOSPORTS LIMITED" အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၉-၉-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (ကျောင်းစု)Grade-9 မှ အဘ ဦးဝင်းဝင်းစိန်၏သမီး မဆောင်းဂူဂူးအား မဆောင်းကူကူးဟုပြောင်းလဲခေါ်ဆိုပါရန်။

မဆောင်းကူကူး

မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (အေလာ)Grade-11 မှ မောင်အာကာမင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်ညို ၉/လဝန(နိုင်)၂၀၆၉၈၆ ဖြစ်ပါကြောင်း။

ဒေါ်ခိုင်ညို

ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က၊ ပုတိန်ရိုး၊ ဖော်ဖကျောင်းတွင် ပညာသင်ကြားနေသော Grade-7 မှ မသဇင်အေး၏ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၀/သထန(နိုင်)၂၀၀၈၆၅ ဖြစ်ပါကြောင်း။

ဦးထွန်းဝင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့နယ် Better Changeကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်စိုင်းလုံပုံနှံ၏ဖခင်ဖြစ်သူ ဦးကျိုင်းအွန်ခရုတ်(ခ)ဦးနန်အွန်ခက်နှင့် ဦးစိုင်းအွန်ခရုတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျိုင်းအွန်ခရုတ်(ခ)ဦးနန်အွန်ခက်(ခ)ဦးစိုင်းအွန်ခရုတ်

ပျောက်ဆုံးကြောင်း

ချောဆုဆုသူ(ဘ)ဦးသီဟဇလနေမျိုး ၁၂/ဥကတ(နိုင်)၁၉၁၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 068724)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၈၈၃၆၈၅

ပျောက်ဆုံးကြောင်း

ခိုင်ယမုံဖူး(ဘ)ဦးတင်ထွန်းနိုင် ၈/သရန(နိုင်)၁၁၉၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

နေလင်းဦး(ဘ)ဦးမြင့်ဦး ၉/မခန(နိုင်)၂၈၀၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

လင်းလင်းစိုး(ဘ)ဦးညွန့်ညွန့် ၁၄/မမက(နိုင်)၃၁၆၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၉၈၃၅၄

ပျောက်ဆုံးကြောင်း

အောင်နိုင်လင်း(ဘ)ဦးအဗ္ဗဒုလာ ၁၂/မဂဒ(နိုင်)၁၀၂၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

မင်းမြတ်သူ(ဘ)ဦးကျော်ကြီး ၁၄/ဘကလ(နိုင်)၄၂၇၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မိုးမိုးအောင်(ဘ)ဦးမြဝင်းထွန်း ၁၂/ဒလန(နိုင်)၁၀၁၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၈၈၅၈၇၂

ပျောက်ဆုံးကြောင်း

ရင်ကိုကို(ဘ)ဦးခင်မောင်ရင် ၁၄/ဖပန(နိုင်)၂၀၉၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၈၁၇၀၁၁

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ညင်းထွေးရွာနေ မထက်ဝေဖြိုး(ဘ)ဦးမြင့်သိန်း ၆/ရဖန(နိုင်)၀၇၆၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၅၇၇၁၉၂၆၀

ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်၊ ပေပင်သာရွာနေ ဦးစိန်မင်း(ဘ)ဦးမြင့် ၅/ဘတလ(နိုင်)၀၈၉၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့နေ ဆန်းလင်းထက်(ဘ)ဦးသန်းစိုးမင်း ၉/မထလ(နိုင်)၃၃၈၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 548012)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဆိပ်ဖြူမြို့နယ်နေ စန်းဌေးရီ(ဘ)ဦးပေါ်ထွန်း ၈/ဆဖန(နိုင်)၀၉၈၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 493399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ ခရစ်ကျေးရွာနေ မိပွင့်ဖြူထွန်း(ဘ)မင်းသန်းထွန်း ၃/ကကရ(နိုင်)၁၈၄၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 265877)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၁၅၈၀၇၀

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နယ်၊ နောင်တလားရွာနေ နန်းရွှေဇင်မိုးအေး(ဘ)ဦးဘဦး ၃/ကကရ(နိုင်)၂၇၄၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 163875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

စနေမင်းအောင်(ဘ)ဦးလာဟု ၁၄/ပတန(နိုင်)၁၆၉၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

NET SMART COMPANY LIMITED

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "NET SMART COMPANY LIMITED"အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၉-၁၁-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇင်ဝေ	AYE MYA MYA NYUNT
B.Com(AA), C.P.A(210)	Managing Director
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	NET SMART COMPANY LIMITED

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးသီဟဓွဲအောင်အား ဦးဓွဲသီဟအောင် ၁၂/ရပသ(နိုင်)၀၈၅၂၉၈ ဖြစ်ပါကြောင်း။

ဦးဓွဲသီဟအောင်

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ အဘ ဦးဓွဲသီဟအောင် ၁၂/ရပသ(နိုင်)၀၈၅၂၉၈ ၏သမီး မအိမ့်ဖူးသံစဉ်အောင်အား မအိမ့်ခြူးသံသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိမ့်ခြူးသံသာ

ပျောက်ဆုံးကြောင်း

စိုင်းခမ်း(ဘ)ဦးစိုင်းလုံ ၁၃/ကတန(နိုင်)၀၁၈၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 978826)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၈၀၃၁၂၆၉

ပျောက်ဆုံးကြောင်း

သဇင်မျိုး(ဘ)ဦးခေါင်ဂျာချင် ၁၃/ကခန(နိုင်)၁၃၂၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 331652)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

ပျောက်ဆုံးကြောင်း

ကောင်းရဲညွန့်(ဘ)ဦးရဲမြင့် ၁၃/တကန(နိုင်)၂၆၈၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 565172)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

သီဟကျော်(ဘ)ဦးသန်းမွေး ၉/တသန(နိုင်)၂၄၀၉၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 648052)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၃၇၁၂၅၇

ပျောက်ဆုံးကြောင်း

အီးလှ(ဘ)ဦးအိုက်ထွန်း ၁၃/ဟပတ(နိုင်)၀၄၁၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 804262)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မျိုးချယ်ရီ(ဘ)ဦးလှခင် ၁၄/ဆေန(နိုင်)၁၁၃၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်နေ ၁၀/မလမ(နိုင်)၂၉၅၆၂ ကိုင်ဆောင်သူ မောင်သက်ပိုင်စိုး၏ဖခင်အမည်မှန်မှာ ဦးကိုကိုလွင်ဖြစ်ပါကြောင်း။

ဦးကိုကိုလွင်

ပျောက်ဆုံးကြောင်း

ခင်သီတာမွေး(ဘ)ဦးလှကြိုင် ၈/မသန(နိုင်)၀၈၁၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၇၂၂၀၁၂

ပျောက်ဆုံးကြောင်း

တလယ်(ဘ)ဦးဒန်ဘီး ၁၂/ကတန(ပြု)၀၀၄၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၃၄၉၉၆၁

ပျောက်ဆုံးကြောင်း

သီတာထွေး(ဘ)ဦးဖေကျင် ၆/ပလတ(နိုင်)၀၀၁၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၂၃၄၄၄

ပျောက်ဆုံးကြောင်း

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်နေ မမြတ်သီရိကျော်(ဘ)ဦးထွန်းနိုင်စော ၁၂/တမန(နိုင်)၁၃၉၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

မြို့သစ်မြို့၊ ဗန္ဓုလရွာနေ မအေးစုနန္ဒာလွင်(ဘ)ဦးမြင့်လွင် ၅/မသန(နိုင်)၀၀၆၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 695334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ နောကောအုပ်စု၊ လတ်ခတ်ကျေးရွာနေ နန်းခမ်းနွန်း(ဘ)ဦးစိုင်းနာလိန္တ ၁၃/ကမန(နိုင်)၁၃၁၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 149074)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၂၈၆၉၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့ပတ်လမ်းနေ သီဟကို(ဘ)ဦးဌေးလွင် ၈/သရန(နိုင်)၁၂၆၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 087264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဆွားထိုးကြီးမြို့နယ်၊ အင်ချောင်းနေ ရွှေယမင်းဦး(ဘ)ဦးတင်နိုင် ၉/နထက(နိုင်)၂၁၅၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 217214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

သထုံမြို့၊ မိုးကောင်းကျေးရွာ၊ ပုတိမ်ရိုးနေ နှင်းပွင့်သဇင်ခိုင်(ဘ)ဦးဝင်းညွန့် ၁၀/သထန(နိုင်)၂၃၉၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 403413)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

နိုင်ဝင်းကိုကို(ဘ)ဦးနီထွေး ၈/မမန(နိုင်)၁၁၉၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၂၉၂၈၆၀၀

TAS MYANMAR COMPANY LIMITED

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ "TAS MYANMAR COMPANY LIMITED"အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၀-၁၀-၂၀၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုအစည်းအဝေးမှပင် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ[B.Com(AA), C.P.A (210)] လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(Liquidator)အဖြစ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံသို့ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁)လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဇင်ဝေ[C.P.A(210)]ထံသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇင်ဝေ	DAW KYIN HTWE
B.Com(AA), C.P.A(210)	Managing Director
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ	TAS MYANMAR COMPANY LIMITED

အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က (၁)Grade-4 မှ ပညာသင်ကြားနေသော အဘ ဦးသန့်ဆွေဦး ၈/ဂဂန(နိုင်)၀၆၅၅၅၂ ၏သမီး မပြည့်ဝတီမောင်အား မမြတ်အမရာမေဟု ပြောင်းလဲခေါ်ဆိုပါရန်။ မမြတ်အမရာမေ

အစုရှယ်ယာမတည်ရင်းနှီး မြှုပ်နှံငွေလျှော့ချခြင်း

MYAE YADANAR TUN COMPANY LIMITED ၏ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount (300,000,000)ကျပ်မှ (45,000,000)ကျပ်သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

SOE PYAE SONE TUN
MANAGING DIRECTOR
MYAE YADANAR TUN COMPANY LIMITED

ပျောက်ဆုံးကြောင်း

မောင်ကျော်မျိုးထက်(ဘ)ဦးမျိုးမြင့် ၈/ပဖန(နိုင်)၁၃၉၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 950122)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

ပျောက်ဆုံးကြောင်း

မင်းမင်းစိုး(ဘ)ဦးစိုးစိုးနိုင် ၁၀/သထန(နိုင်)၂၁၉၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 775996)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

မြစိုးဦး(ဘ)ဦးမြလွင် ၁၀/သထန(နိုင်)၂၀၄၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဖြိုးမို့မို့လင်း(ဘ)ဦးတီးတလိန်း ၇/ကတခ(နိုင်)၁၂၁၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

ပျောက်ဆုံးကြောင်း

မင်းကိုနိုင်(ဘ)ဦးလှဝင်းနိုင် ၇/ပခန(နိုင်)၃၂၁၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

စန်းစန်းမြင့်(ဘ)ဦးလှပို ၈/ပခက(နိုင်)၀၁၂၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 086091)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၀၁၃၆၃

ပျောက်ဆုံးကြောင်း

အောင်မြတ်ကျော်(ဘ)ဦးသန်းထွန်း ၁၂/အစန(နိုင်)၂၈၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၁၁၁၁၄၆၈

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ရေပေါ်ကန်ကျေးရွာနေ မအိမ့်မို့လွင်(ဘ)ဦးခင်လှိုင် ၁၂/သခန(နိုင်)၁၃၄၀၁၄ ကိုင်ဆောင်သူ၏ OWIC Card No.YGN. 0316500 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၇၆၀၅၃၀

ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အထက်လမ်းမလမ်း၊ အမှတ်(4A)နေ မောင်သက်ပိုင်စိုး၏ ဖခင်ဦးကိုကိုလွင်(ခ)ဦးသန်းဝင်း ၁၀/မလမ(နိုင်)၀၄၂၅၄၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကိုကိုလွင်(ခ)ဦးသန်းဝင်း

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြို့ပတ်လမ်းနေ မျိုးသီတာကျော်(ဘ)ဦးကျော်ဝင်း ၈/မတန(နိုင်)၀၆၇၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 894875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ မြိုင်ကြီးငူအုပ်စု၊ မြိုင်ကြီးငူကျေးရွာနေ ကျော်သူရ(ဘ)ဦးစိန်ထွန်း ၁၂/ကမန(နိုင်)၀၇၂၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 011702)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၂၈၆၉၂

ပျောက်ဆုံးကြောင်း

စုမြတ်ခိုင်(ဘ)ဦးညဏ်ထွန်းဦး ၁၀/ဘလန(နိုင်)၁၂၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 648847)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၁၅၈၆၈၉

လူမှုရေး/စီးပွားရေးကြော်ငြာများ (30 % Discount Off)

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇-၄၄၀၀၆၊ ၀၆၇-၄၄၀၀၈၊ ၀၄၂-၃၀၂၆၂၊ ၀၄၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၇၃၆၀၁၊ ၀၉-၄၄၄၄၁၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

မန္တလေးသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ဒေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ဇွဲမန်းသူ
09-254781060



➢ မန္တလေးဘဇစ်ခြံနိုက်
09-426500153



➢ စတာဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးဂဏ်း လုံခြုံစိတ်ချ ဘဝနှိမ့်မှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Card Services

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce



"လုံခြုံလျှို့ဝှက်
ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်"

Phone No : (01) 2301367, 2301368,
(01) 2301452, 2301378

MPU UnionPay

ထာဝရလှပသော အပြုံးအတွက် DENTOMEC



FDA အမှတ်-2212 PCE 0013

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။



သွားဆရာဝန်များ၏
ထောက်ခံချက်ရရှိထားပါသည်။

Dentist Recommended



ပင်ရင်းအရောင်း - ဈေး - ဝဓ ၆၉၉၀၂၇၀၈၅၊ ဝဓ ၄၂၈၀၅၅၁၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဈေး - ဝဓ ၆၇၁၄၄၄၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဈေး - ဝဓ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဈေး - ဝဓ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဈေး - ဝဓ ၆၈၅၁၁၉၀၇၇

ကုန်ဆုံးသွားသောစွမ်းအားများ DAGON MALTA FRESH နဲ့ ဖြည့်စွမ်းထား





ပင်ရင်းအရောင်း - ဈေး - ဝ၁ ၆၅၁၁၀၇၇၊ ဝဓ ၆၉၄၉၆၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဈေး - ဝဓ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဈေး - ဝဓ ၆၇၁၄၄၄၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဈေး - ဝဓ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဈေး - ဝဓ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တပ်မတော်စစ်ကြောင်းများက မွန်ပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီး နယ်စပ်ဒေသတစ်ဝိုက်အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် NUG၊ CRPH အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA ပူးပေါင်းအဖွဲ့များ၏အခြေပြုစခန်းများအား တိုက်ခိုက်ချေမှုန်း









အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။

နေပြည်တော် နိုဝင်ဘာ ၉

မွန်ပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးတို့၏ နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝဲခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုနေထိုင်ရာ စခန်းများအား တပ်မတော်စစ်ကြောင်းများက စနစ်တကျခြီတက်တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း သိရှိရသည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝဲခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မွန်ပြည်နယ်၊ သိမ်ဖြုပ်-ကျိုက်ထိုဒေသနှင့် ပဲခူး

စာမျက်နှာ ၂၇ ကော်လံ ၁ ❍

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)



M League 2026 U-20

လူငယ်လိုဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့နိုင်ပွဲရ

ရန်ကုန် နိုဝင်ဘာ ၉

M League 2026 U-20 လူငယ်လိုဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၃)တတိယနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်းနှင့် ဗဟန်းကွင်းတို့၌ ကျင်းပရာ ရန်ကုန်စီးတီးအသင်းနှင့် ချင်းလန်းအသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားသည့် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ပွဲ ပထမပိုင်းတွင် ထက်အာကာဝင်း၊ ရဲခန့်အောင်တို့၏ သွင်းဂိုးများနှင့် သုံးဂိုးပြတ်ဖြင့် ရန်ကုန်စီးတီးအသင်းက အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❐

ကျေးသီးမြို့နယ်၊ နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ၁၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင်

စာမျက်နှာ ၁၈ ကော်လံ ၁ ■

မြန်မာအမျိုးသမီးဖူဆယ်လိုဂ်ပြိုင်ပွဲတွင် U 19 TEAM အသင်းနှင့် ရိုးမအသင်းတို့က ပြိုင်ဘက်အသင်းများအား ဂိုးပြတ်သွင်းအနိုင်ယူ

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၆-၂၀၂၇ မြန်မာအမျိုးသမီးဖူဆယ်လိုဂ်၏ ပွဲစဉ်(၁)ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ MFF Futsal Stadium ၌ ကျင်းပရာ U 19 TEAM အသင်းနှင့် ရိုးမအသင်းတို့က ပြိုင်ဘက်အသင်းများအား ဂိုးပြတ်သွင်းအနိုင်ရရှိခဲ့ကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ ▼